# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၇)ရက် ၊ ကြာသပတေးနေ့ ၊ (7-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၉၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေး၊ ကြိုဆိုညစာစားပွဲအခမ်းအနားသို့ တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang တို့ တွေ့ဆုံဆွေးနွေးနေစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Haigeng Garden Hotel ၌ တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၇ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာ့တိုင်းရင်းဆေးပညာသည် နှစ်ပေါင်းထောင်ချီရှည်လျားခဲ့သော သမိုင်းစဉ်တစ်လျှောက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အခြေခိုင်မာစွာဖြစ်ထွန်းတည်တံ့ခဲ့သော အမျိုးသားဆေးပညာတစ်ရပ်ဖြစ်သောကြောင့် ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် ခေတ်အဆက်ဆက် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာအောင်နေထိုင်ခဲ့ကြသည်။ တိုင်းရင်းဆေးဖြင့် အသက်ရှင်ခဲ့ကြသည်။ မြန်မာတိုင်းရင်းဆေးပညာ၏အခြေခံဖြစ်သော ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယ ဟူသည့်နယကြီးလေးပါးကို အခြေတည်ပြီး လက်တွေ့ပျောက်ကင်းအောင် ကုသနိုင်ခဲ့သော မှတ်တမ်းများကို တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ကုန်းဘောင် စသည့်ခေတ်အဆက်ဆက်တွင် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပေ၊ ပုရပိုက်များ၊ စာပေကျမ်းဂန်များနှင့် ဆေးကျမ်းတွင် တွေ့နိုင်သည်။

မြန်မာတိုင်းရင်းဆေးသမားတော်ကြီးများသည် မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေမြေတို့က ရရှိနိုင်သည့် သဘာဝအရင်းအမြစ်များဖြင့် တိုင်းရင်းဆေးဝါးများတွင် ထည့်သွင်းအသုံးပြုပြီး ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးသကဲ့သို့ ကပ်ရောဂါများနှင့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် လေဘေး၊ ရေဘေး စသည့် အန္တရာယ်များကြုံတွေ့သည့်အခါ တွင်လည်း ပြည်သူလူထုကို တစ်ဖက်တစ်လမ်းက မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အားသွန်ခွန်စိုက်စွမ်းစွမ်းတမံစောင့်ရှောက်ခဲ့ကြပေသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို လေးစားတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကြီး နိုင်ငံတော်အဆင့်အောင်မြင်စွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ လမ်းညွှန်ပံ့ပိုးပေးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနကဦးဆောင်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နှစ်စဉ်သုတေသနရန်ပုံငွေများပံ့ပိုးပေးလျက်ရှိသည်။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် အစွမ်းထက်မြက်လှသော မြန်မာ့တိုင်းရင်းဆေးပညာကုထုံးများ၊ ဆေးနည်းများ၊ ဆေးပင်များကို အတွေ့အကြုံအခြေပြုဆေးပညာမှသည် အထောက်အထားအခြေပြုဆေးပညာအဖြစ်သို့ရောက်ရှိအောင် သုတေသနများတိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာ့သမိုင်းအစဉ်အဆက် လက်ဆင့်ကမ်းအသုံးပြုခဲ့သော မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာအဆင့်အတန်း ပိုမိုမြင့်မားစေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာများသင်ယူလေ့လာခြင်း၊ မျှဝေခြင်းများကို ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်း၍ ကမ္ဘာ့အလယ်တွင် မြန်မာ့တိုင်းရင်းဆေးပညာဟု ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်စေရန်နှင့် ရိုးရာအမွေအနှစ်ဖြစ်သော မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၅၄ ဧကစိုက်ပျိုးသွားမည်

**ပုသိမ် နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၅၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၅၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နေကြာများ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပုသိမ်မြို့နယ်မှာ နေကြာ ၃၅၄ ဧကလျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ လိုအပ်တဲ့ နည်းပညာတွေကို မစိုက်မီကြိုတင်စီမံဆောင်ရွက်ပေးထားပါတယ်။ စိုက်ပျိုးမဲ့ သီးနှံတွေအောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် နေကြာကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းပို့ချပေးခြင်း၊ လိုအပ်သောသွင်းအားစုများပံ့ပိုးပေးခြင်း၊ မြေဆီလွှာပြုပြင်မှုများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျအသုံးပြုမှုမှန်ကန်စေရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်ရက်ကန်းအဖွဲ့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ



**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ရက်ထိ ကျင်းပမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တန်ဆောင်တိုင်ပွဲတော် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အမရရွှေပြည် ရက်ကန်းစင်တော်မှ ပြိုင်ပွဲဝင် အသင်းသားများကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင် အသင်းသားများအနေဖြင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲသည် ထင်ရှားသည့် အလှူဒါနတစ်ခုဖြစ်ကြောင်း၊ ကာယ၊ ဉာဏ၊ ဓန၊ လုံ့လ၊ ဝီရိယအားများကို အခြေခံ၍တတ်မြောက်ထားသည့် ပညာများဖြင့် ရက်လုပ်ပူဇော် လှူဒါန်းရသည့်အတွက် များစွာကုသိုလ်အကျိုးများကြောင်း၊ ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများနှင့်အညီ အသင်းအဖွဲ့စိတ်ဓာတ်အပြည့်ဖြင့်ယှဉ်ပြိုင်ကာ တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်သူများဖြစ်အောင်ကြိုးစားသွားစေလိုပါကြောင်း အားပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြိုင်ပွဲဝင် အသင်းအတွက် ပံ့ပိုးငွေကျပ် ၅၅ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းရင်းဆေးပညာလေ့ကျင့်သင်ကြားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲဖွင့်ပွဲ အခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီနာယကနှင့်ဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးကျော်**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၄၃၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၄၃၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၇၂၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၃၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မတ်ပဲဧက ၇၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် မတ်ပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များလာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များလာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ မဟာမင်းထင်တိုက် အောင်ရတနာကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂ အမှူးထား၍ မန္တလေးမြို့ ၃၆ လမ်း၊ ၇၇-၇၈ လမ်းကြားနေ ဒေါ်ခင်ရီမြမဥ္စူရွှေဆိုင်မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူစဉ်။

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ၂၄ ပြည်ဝင် ကျားပျံဆန်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ၂၄ ပြည်ဝင် ကျားပျံဆန်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလက ၂၄ ပြည်ဝင် ကျားပျံဆန် အိတ်ရေ ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ၂၄ ပြည်ဝင် ကျားပျံဆန် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ကျားပျံဆန်အမျိုးအစားက ဆန်ချောအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလတစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ကျားပျံဆန်တစ်အိတ်လျှင်ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ပုပ္ပသီရိမြို့နယ် ရွာသစ်ကျေးရွာ၌ လမ်းရိစာခင်းခြင်းလုပ်ငန်း စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုပ္ပသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း လမ်းရိစာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ပုပ္ပသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းရိစာခင်းခြင်းလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားလိုက်နာဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရွာသစ်ကျေးရွာ၌ အရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးရွာတွင်းလမ်းရိစာခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် နိုဝင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နော်လူး**

## ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၀၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၀၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၇၀၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲကြီးဧက ၇၀၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ယခုနှစ် ကလေးခရိုင်တွင် မြို့နယ်အလိုက် ပဲကြီးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၃၃ ဧက၊ ကလေးဝမြို့နယ်တွင် ၅၉ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၉၁၄ ဧက စုစုပေါင်း ၁၀၀၆ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၃၅၁ ဧက၊ ကလေးဝမြို့နယ်တွင် ၅၃၂ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၆၁၆၇ ဧက စုစုပေါင်း ဧက ၇၀၅၀ တို့ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင်ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



# စိန္တကျော်သူဦးရွှဲ၏ ဘဝနှင့်စာပေ (၂)

ဗိုလ်ရှိတ်(ရတနာပူရ)

**အခေါင်ထိပ်မိုးအရပ်**

စိန္တကျော်သူဦးရွှဲ၏ မွေးဖွားရာရပ်ကွက်သည် အင်းဝမြို့ အခေါင်ထိပ်မိုးရပ်ကွက်ဖြစ်သည်။ ယခုအခါတွင် အင်းဝမှဒေသခံများသည်ပင်လျှင် အခေါင်ထိပ်မိုးရပ်ကွက်ကို သိကြတော့မည်မဟုတ်ပေ။ ကြားပင်ကြားဖူးကြတော့မည်မဟုတ်ပေ။ ယခုအခါ အင်းဝ၌ အခေါင်ထိပ်မိုးရပ်ကွက်ဟူ၍ မရှိတော့ပေ။ ယခုခေတ် အမြင်ဖြင့်သာ အခေါင်ထိပ်မိုးရပ်ကွက်သည် ကျေးလက်ဆန်သော အင်းဝမြို့ဟောင်း၏ရပ်ကွက်တစ်ခုအဖြစ် တည်ရှိနေသည်ဟု မြင်ကြမည်ဖြစ်သည်။ သို့သော် ရှေးအခါက အင်းဝမြို့သည် တစ်နိုင်ငံလုံး၏ အာဏာဗဟိုအချက်အချာဖြစ်သည်။ နေပြည်တော်ဖြစ်သည်။ ထို့အတူ အခေါင်ထိပ်မိုးရပ်ကွက်သည်လည်း အင်းဝနေပြည်တော်၏ ထင်ရှားသော ရပ်ကွက်ကြီးတစ်ခုဖြစ်ခဲ့သည်။ သို့ဖြစ်သောကြောင့် စိန္တကျော်သူဦးရွှဲ၏ ဇာတိချက်ကြွေ အခေါင်ထိပ်မိုးအရပ်ကို သိသာထင်ရှားစေရန်၊ ရှေးက အင်းဝမြို့၏ ရပ်ကွက်ကြီးတစ်ခုအကြောင်းကို နောင်လူတို့ ဗဟုသုတပွားစေရန်ရည်ရွယ်ပြီး အခေါင်ထိပ်မိုးအရပ်ကို သုတေသနပြု ရှာဖွေတင်ပြပါမည်။

အရင်ဆုံး ရပ်ကွက်အမည်ပြဿနာကို ရှင်းပါမည်။ အခေါင်ထိပ်မိုးရပ်ကွက်ကို အခေါင်ထိပ်မိုး၊ ခေါင်ထိပ်မိုးဟူ၍ ရေးကြသည်ကို တွေ့ရပါသည်။ ထိုအမည်နှစ်မျိုးရေးရာတွင် ခေါင်ထိပ်မိုးဟုရေးခြင်းသည် မှားပါမည်။ အခေါင်ထိပ်မိုးအမည်သာ အမှန်ဖြစ်သည်။ ဦးရွှဲကိုယ်တိုင်က သူ၏ဇာတိသည် အခေါင်ထိပ်မိုးရပ်ကွက်ဖြစ်ကြောင်းကို "အခေါင်ထိပ်မိုး၊ ဟိုးဟိုးရပ်စည်၊ ရွှေမည်သည့်"ဟူ၍ ရေးသားထားပါသည်။ စိန္တကျော်သူဦးရွှဲသည် သူနေခဲ့သည့် ရပ်ကွက်ကို မှား၍လုံးဝမရေးနိုင်ပေ။ အမှန်အတိုင်း သာထည့်သွင်းရေးခဲ့ခြင်းဖြစ်သည်။ ရာဇဝင်ကြီးများတွင် ရှာဖွေကြည့်ရာတွင်လည်း အခေါင်ထိပ်မိုးဟူ၍ သာသုံးထားပါသည်။ ထို့ကြောင့် အခေါင်ထိပ်မိုး အမည်သာ အမှန်ဖြစ်ကြောင်း ယတိပြတ်ဆုံးဖြတ်နိုင်သည်။

ရပ်ကွက်အမည်မှန်ကို ရှင်းလင်းပြီးဖြစ်သဖြင့် ရပ်ကွက်နေရာကို ဆက်၍ဆိုပါမည်။ စိန္တကျော်သူဦးရွှဲက အခေါင်ထိပ်မိုးရပ်ကွက်သည် အင်းဝမြို့၏ မည်သည့်နေရာတွင်ရှိသည်ကို မဟာဝမ္မေယျပျို့၏ နိဂုံးပိုဒ်ရေနှစ်၌-

"ရွှေနန်းနရပတိ၊ ရပ်သီရိဝယ်
မွေးမိမွေးဘ၊ တကျွန်ပျော်
ဘွားမြင်မြော်၍" ဟူ၍ ရေးသားထားသည်။

ထို့ကြောင့် အခေါင်ထိပ်မိုးရပ်ကွက်သည် အင်းဝမြို့၏ နရပတိအရပ်၌ရှိကြောင်း သိရပါသည်။ နရပတိအရပ်ဟူသည် အနောက်တောင်ထောင့်အရပ်ဖြစ်သည်။ ထို့ကြောင့် အခေါင်ထိပ်မိုးအရပ်သည် အင်းဝမြို့၏ အနောက်တောင်ထောင့်တွင်ရှိကြောင်း သိရပါသည်။ အင်းဝမြို့ အနောက်တောင်အရပ်တွင် အခေါင်ထိပ်မိုး ရပ်ကွက်ကို ရှာဖွေရာတွင် ထင်ထင်ရှားရှားတွေ့ရသည်မှာ ညောင်ရမ်းခေတ် ကြာသပတေးမင်းတည်ခဲ့သည့် အခေါင်ထိပ်မိုးစေတီဖြစ်သည်။ ထိုစေတီသည် အခေါင်ထိပ်မိုးရပ်ကွက်အတွင်း၌ရှိသော စေတီဖြစ်သည်။ ယခုအချိန်ထိပင် အခေါင်ထိပ်မိုးစေတီဟု ခေါ်ကြသည်။ ဒေသခံတို့က ပတ်လည်ကြီးစေတီဟု ခေါ်ကြသည်။ ယခုအခါတွင် အခေါင်ထိပ်မိုးရပ်ကွက်၌ လူနေအိမ်ခြေမရှိတော့ပါ။ မုရင်းစပါးစိုက်ရာ လယ်ကွက်များဖြစ်နေပါသည်။ သို့သော် အခေါင်ထိပ်မိုးစေတီ၏ အနောက်ဘက်မြို့ရိုးအခြေတွင် ယခုအခါ ဂန္ဓာလရာဇ်ရွာဟူ၍ ရှိပါသည်။ ထိုရွာသည် မူလက အခေါင်ထိပ်မိုးရပ်ကွက်မှ ပြောင်းလာခဲ့ခြင်း ဖြစ်ဟန်ရှိသည်။ အင်းဝမြို့ပျက်ပြီးနောက် ရေများ အမြဲဝင်ရောက်လာသဖြင့် အခေါင်ထိပ်မိုးရွာနေသူများသည် ကုန်းမြင့်ရာ မြို့ရိုးပေါ်သို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ ရွာအမည်မှာလည်း အင်းဝမြို့အပြင်မြို့ကြီး ဂန္ဓာလရာဇ်တံခါးအနီးတွင်တည်ရှိသောကြောင့် ဂန္ဓာလရာဇ်ရွာဟူ၍ တံခါးအမည်စွဲ၍ ခေါ်ခဲ့ကြခြင်းဖြစ်သည်။ ယခု အင်းဝသို့လာရောက်ကြသူများအနေဖြင့် အခေါင်ထိပ်မိုးအရပ်ကို ထင်ရှားစွာ သိလိုလျှင် လမ်းပြပါဦးမည်။ ဗားကရာကျောင်းတော်ကြီး၏အနောက်တောင်ဘက်တွင် ကိုးဆူတန်းစေတီရှိသည်။ ကိုးဆူတန်းစေတီ၏အနောက်တောင်ဘက် လယ်နှစ်ကွက်ခန့်အကွက်တွင် အခေါင်ထိပ်မိုးစေတီရှိသည်။ ထိုစေတီ၏အနောက်ဘက်တစ်ခွင်၌ရှိသော လယ်ကွက်များသည် အခေါင်ထိပ်မိုးရပ်ကွက်နေရာဖြစ်သည်။ အခေါင်ထိပ်မိုးရပ်ကွက်တွင် ညောင်ရမ်းခေတ် ကြာသပတေးမင်းလက်ထက်၌ အခေါင်ထိပ်မိုးစေတီတည်ထားခဲ့သောကြောင့် အခေါင်ထိပ်မိုး ရပ်ကွက်သည် ညောင်ရမ်းခေတ်ကတည်းက တည်ရှိခဲ့သော ရပ်ကွက်ဖြစ်ကြောင်း သိနိုင်ပေသည်။

**ငယ်စဉ်အခါ ပညာရှာ**

စိန္တကျော်သူဦးရွှဲသည် မိဘနှစ်ပါးစုံလင်စွာဖြင့် နေခဲ့ရသောကံမပါလာခဲ့ပေ။ ဦးရွှဲ သုံးနှစ်သားအရွယ်တွင် မိဘနှစ်ပါးမှာ ကွယ်လွန်ခဲ့သည်။ မိဘမဲ့သား ဦးရွှဲမှာ မိကြီးမိတော်တို့က ကောက်ယူမွေးစားခဲ့သဖြင့် လူလားမြောက်ကြီးပြင်းခဲ့ရသည်။ ဦးရွှဲသည် အင်းဝမြို့၌မွေးဖွားခဲ့သော်လည်း အမရပူရမြို့တွင် ကြီးပြင်းခဲ့ရသည်။ ၁၁၄၃ ခုနှစ်တွင် ဘိုးတော်ဗဒုံမင်းသည် အင်းဝ၌ နန်းတက်သည်။ နန်းတက်ပြီး နှစ်နှစ်အကြာတွင် ဘိုးတော်ဗဒုံမင်းသည် အမရပူရမြို့သစ်ကို တည်ကာ အင်းဝမှ အမရပူရမြို့သို့ ပြောင်းရွှေ့စိုးစံခဲ့သည်။ ဘိုးတော်ဗဒုံမင်း အမရပူရသို့ပြောင်းရွှေ့သော သက္ကရာဇ် ၁၁၄၅ ခုနှစ်တွင် ဦးရွှဲသည် ၁၈ နှစ်အရွယ်ရှိပြီဖြစ်သည်။

ဦးရွှဲသည် ငယ်စဉ်အခါက ဆီးဘန်နီဆရာတော်ထံတွင် ပညာရင်နို့ သောက်စို့သင်ကြားခဲ့သည်။ ဆရာကြီး ဒဂုန်နတ်ရှင်၏မှတ်တမ်း၌ စိန္တကျော်သူဦးရွှဲ ငါးနှစ်သားအရွယ်တွင် ဆီးဘန်နီဆရာတော်က ကောက်ယူ၍ ပညာသင်ပေးခဲ့ကြောင်း ဆိုထားသည်။ ရှေးပေမူတွင် ဆီးဘန်နီဆရာတော်ထံ ပညာသင်သည်ဟူ၍သာပါသည်။ အသက်အရွယ်မပြချေ။ စိန္တကျော်သူဦးရွှဲ ငါးနှစ်သားအရွယ်သည် ဘိုးတော်ဗဒုံမင်း အင်းဝ၌ နန်းတက်ခါစရှိသေးသည်။ စိန္တကျော်သူဦးရွှဲလည်း အင်းဝမြို့၌ နေထိုင်ဆဲပင်ဖြစ်သည်။ ဆရာကြီး ဒဂုန်နတ်ရှင်၏အလိုအရမူ စိန္တကျော်သူဦးရွှဲသည် အင်းဝမြို့၌နေထိုင်စဉ်ကတည်းကပင် ဆီးဘန်နီဆရာတော်ထံ ပညာသင်ကြားခဲ့သည်ဟုလည်းဆိုရပေမည်။ ထိုသို့ဆိုရလျှင် အင်းဝမြို့၌ ဆီးဘန်နီဆရာတော် သီတင်းသုံးရာ ဆီးဘန်နီကျောင်းတိုက်ရှိဟန်တူပါသည်။ ယခုအခါတွင် ဆီးဘန်နီကျောင်းတိုက်ကို ရှာ၍မတွေ့သေးပေ။ ဆရာကြီးဒဂုန်နတ်ရှင်အလိုအတိုင်း စိန္တကျော်သူဦးရွှဲသည် အင်းဝမြို့ ဆီးဘန်နီကျောင်းတိုက်၌ ပညာသင်ခဲ့သည်ဟု ဆိုဟန်ရှိပါသည်။ ထိုသို့မဟုတ်ပါက အမရပူရရောက်မှ ဆီးဘန်နီဆရာတော်ထံ ပညာသင်ကြားခဲ့သည်ဟု ဆိုရပါမည်။ အမရပူရမြို့တွင် ဆီးဘန်နီကျောင်းတိုက်ရှိသည်။

**❖ဦးရွှဲသည် ငယ်စဉ်အခါက ဆီးဘန်နီဆရာတော်ထံတွင် ပညာရင်နို့ သောက်စို့သင်ကြားခဲ့သည်။ ဆရာကြီးဒဂုန်နတ်ရှင်၏မှတ်တမ်း၌ စိန္တကျော်သူဦးရွှဲ ငါးနှစ်သားအရွယ်တွင် ဆီးဘန်နီဆရာတော်က ကောက်ယူ၍ ပညာသင်ပေးခဲ့ကြောင်း ဆိုထားသည်။ ရှေးပေမူတွင် ဆီးဘန်နီဆရာတော်ထံ ပညာသင်သည်ဟူ၍သာပါသည်။ အသက်အရွယ်မပြချေ။ စိန္တကျော်သူဦးရွှဲ ငါးနှစ်သားအရွယ်သည် ဘိုးတော်ဗဒုံမင်း အင်းဝ၌ နန်းတက်ခါစရှိသေးသည်။ စိန္တကျော်သူဦးရွှဲလည်း အင်းဝမြို့၌ နေထိုင်ဆဲပင်ဖြစ်သည်။ ဆရာကြီးဒဂုန်နတ်ရှင်၏အလိုအရမူ စိန္တကျော်သူဦးရွှဲသည် အင်းဝမြို့၌နေထိုင်စဉ်ကတည်းကပင် ဆီးဘန်နီဆရာတော်ထံ ပညာသင်ကြားခဲ့သည်ဟုလည်း ဆိုရပေမည်။ ❖**

စိန္တကျော်သူဦးရွှဲသည် ငယ်စဉ်အခါ ပညာသင်ကြားစဉ်ကတည်းက ဉာဏ်ထက်မြက်သည်။ အသက် ၁၅နှစ်အရွယ်တွင် ဆီးဘန်နီကျောင်းတိုက်၌ သာမဏေပြုသည်။ သာမဏေဘဝ၌ပင် ပထမကျော်ကာလတွင် ပထမကျော်ဖြစ်၍ ထင်ရှားသည်။ သဒ္ဒါ၊ ပရမတ်၊ ပညတ်၊ သုတ္တန်၊ ဂန္ထန္တရကျမ်းဂန်များတတ်မြောက်သည်။ ထိုအကြောင်းကို မဟာဝမ္မေယျပျို့ နိဂုံးပိုဒ်ရေနှစ်၌-

"ငယ်သော်ငယ်လျော့ကါ၊ ဆယ်ကျော်လောက်က
တတ်မြောက်စာပေ၊ သာမဏေဟု
ညာကြေထင်စွာ၊ သဒ္ဒါပရမတ်
ပညတ်သုတ္တန်၊ ဂန္ထန္တရ
ကျမ်းရိုးစသား၊ နှံ့မျှသိကြည်
ထုံးဝယ်နည်းသို့၊ ကျည်သရာရောင်
မြန်ဘောင်ပွဲမ၊ ရဲရဲလှသည်"ဟူ၍ ရေးဖွဲ့ထားသည်။

**ဆီးဘန်နီဆရာတော်ရှာပုံတော်**

ဤနေရာတွင် စိန္တကျော်သူဦးရွှဲကို ပညာသင်ကြားပေးသည့် ဆီးဘန်နီဆရာတော်အကြောင်းကို ဆိုပါဦးမည်။ ဆိုရသည့်အကြောင်းမှာ ဆီးဘန်နီဆရာတော်သည် နှစ်ပါးရှိသောကြောင့်ဖြစ်သည်။ စိန္တကျော်သူဦးရွှဲကို ပညာသင်ကြားပေးသည့် ဆရာတော်သည် မည်သည့်ဆရာတော်ဖြစ်သည်ကို ကွဲပြားရန်လိုပါသည်။ ဆီးဘန်နီဆရာတော်ဟုဆိုလိုက်သည်နှင့် အများသိကြမည်မှာ "ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသူညာ၊ သုဉ်းသုံးဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့ကတွေ့သည်၊ သေသော်မှတည့်၊ ဩော်-ကောင်း၏"ဟူသော အန်ချင်းကိုရေးခဲ့သော ဆီးဘန်နီဆရာတော် အရှင်နရိန္ဒကိုသာ သိကြမည်ဖြစ်သည်။ ဆီးဘန်နီဆရာတော် အရှင်နရိန္ဒသည် ကဝိမဏ္ဍနမေဒနီကျမ်းကြီးကိုပြုစုခဲ့သော ဆရာတော်ဖြစ်သည်။ ဤဆရာတော်ကိုသာ အသိများကြသည်။ ဆီးဘန်နီဆရာတော်အရှင်နရိန္ဒသည် စိန္တကျော်သူဦးရွှဲ၏ဆရာတော်မဟုတ်ပါ။ မဟုတ်သည့်အကြောင်းကို ဆိုပါဦးမည်။ ဆီးဘန်နီဆရာတော် အရှင်နရိန္ဒသည် ၁၁၇၃ ခုနှစ်ဖွားဖြစ်သည်။ စိန္တကျော်သူဦးရွှဲသည် ၁၁၃၉ ခုနှစ်ဖွားဖြစ်သည်။ ဆီးဘန်နီဆရာတော် အရှင်နရိန္ဒက စိန္တကျော်သူဦးရွှဲအောက် ၃၄ နှစ်ငယ်သည်။ စိန္တကျော်သူဦးရွှဲက ၃၄ နှစ်ကြီးသည်။ ထို့ကြောင့် ဆီးဘန်နီဆရာတော် အရှင်နရိန္ဒသည် စိန္တကျော်သူဦးရွှဲဆရာမဟုတ်ကြောင်း ထင်ရှားသည်။

ထိုသို့ဆိုလျှင် စိန္တကျော်သူဦးရွှဲ၏ဆရာ ဆီးဘန်နီဆရာတော်သည် မည်သည့်ဆရာတော်ဖြစ်သနည်း။ အဖြေကိုရှာရလျှင် ပထမဆီးဘန်နီဆရာတော် ရှင်သီရိသာဖြစ်ပါသည်။ ပထမဆီးဘန်နီဆရာတော် ရှင်သီရိသည် ဆီးဘန်နီတိုက်ကို ပထမဆုံးတည်ထောင်ခဲ့သောဆရာတော်ဖြစ်သည်။ ဆရာတော်၏ ဇာတိ ဆီးဘန်နီရွာကိုအစွဲပြုပြီး ဆီးဘန်နီဆရာတော်ဟု ခေါ်ကြခြင်းဖြစ်သည်။ ပထမဆီးဘန်နီဆရာတော်၏အကြောင်းကို မင်းလှသီရိသီဟသူရေးသားပြုစုခဲ့သော ဆရာတော် ၁၀၅ ပါး ဦးရေစာရင်း၌ ဤသို့ ဖော်ပြထားသည်။

"သက္ကရာဇ် ၁၁၁၁ ခုနှစ်တွင် ဖွားမြင်တော်မူသည်။ နံ-၆ ကြာ၊ ဇာတိ-အနောက်ဘက်တိုက် ဆီးပန်းနီရွာ၊ လူအမည် ဦးကံပေါ်။ သက်တော်စေ့တွင် ရဟန်းပြုသည်။ ရဟန်းမည် ရှင်သီရိ၊ တကာ-ရတနာပူရစတုတ္ထမြောက်ရွှေမြို့တော်ကြီးရွှေထီးရွှေနန်းတည် မင်းတရားကြီးလက်ထက်တော် ကျီဝန်အတွင်းဝန် မောင်ပါရောက် ကိုးကွယ်သည်။ အမရပူရရွှေမြို့တော် အရှေ့တောင်ယန်း ဆီးပန်းနီကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည်။ အင်းဝရွှေမြို့တော်သို့ရောက်သည့် ကာလမြို့ကြီးတွင် အရှေ့တောင်ယွန်းမုံရွာစားကျောင်း၌ သီတင်းသုံးသည်"။

ပထမဆီးဘန်နီဆရာတော်ကြီးသည် ၁၁၁၁ ခုဖွားဖြစ်သည်။ စိန္တကျော်သူဦးရွှဲထက် ၂၈ နှစ်ကြီးသည်။ ထို့ကြောင့် ပထမဆီးဘန်နီဆရာတော်သာ စိန္တကျော်သူဦးရွှဲ၏ဆရာဖြစ်သည်။ ဆီးဘန်နီကျောင်းတိုက်မှ ယခုအခါ နေရာငါးနေရာမျှရှိသည်။ စိန္တကျော်သူဦးရွှဲ၏ဆရာ ပထမဆီးဘန်နီဆရာတော်သီတင်းသုံးရာ အမရပူရအရှေ့တောင်ယွန်းကျောင်းသည် ယခုအခါ တံခွန်တိုက်ဘုတာအရှေ့ဘက်၊ တောင်ခွင်တိုက်၏ အရှေ့မြောက်ဘက်၌ရှိသည်။ ထိုကျောင်းတိုက်အတွင်း၌ စိန္တကျော်သူဦးရွှဲသည် ပညာရင်နို့သောက်စို့ခဲ့ခြင်းဖြစ်ပေသည်။

ဆီးဘန်နီဆရာတော်၏အမည်ကို ဆီးဘန်နီ၊ ဆီးဘန်နီ၊ ဆီးပန်းနီ၊ ဆီးပဏီ စသည်ဖြင့် အမျိုးမျိုး ရေးကြသည်။ နှစ်သက်ရာ မှတ်သားရေးသားနိုင်ပါသည်။ ဤတွင် ဆရာတော်၏အမည်ကို ဆရာကြီး ရဝေထွန်း၏ အလိုအတိုင်း ဆီးဘန်နီဆရာတော်ဟူ၍ ရေးသားလိုက်ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၃၃၉၈ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြောင်းမြ နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၃၃၉၈ ကေထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါးဧက ၁၄၃၀၁၀ လျာထားစိုက်ပျိုးခဲ့ကြောင်း၊ စိုက်ပျိုးခဲ့သည့်စပါးများကို ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၃၉၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ရာ စပါးတစ်ဧကလျှင် ၁၀၆ ဒသမ ၂၆ တင်းထွက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၁၄၃၀၁၀ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ၃၃၉၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့စပါးတွေကို ဆက်လက်ရိတ်သိမ်းနေပါတယ်။ အခုရိတ်သိမ်းနေတဲ့ မိုးစပါးတွေ အခက်အခဲမရှိ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနှစ်စပါးခင်းတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းပြီး အထွက်နှုန်းလဲကောင်းပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရေး စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာပြုပြင်ခြင်း၊ ကွင်းဆင်းသရုပ်ပြခြင်း၊ ရွှေ့ခရုကာကွယ်နှိမ်နင်းသည့်နည်းပညာများ ဆောင်ရွက်ပေးခြင်း၊ ဓာတ်မြေသြဇာအစားထိုး သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်)များ စိုက်ပျိုးထည့်သွင်းအသုံးပြုပေးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်စီမံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ပျော်ဘွယ်မြို့နယ် စကြာကျေးရွာ၌ ချင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပျော်ဘွယ် နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စကြာကျေးရွာ၌ ချင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ စကြာကျေးရွာ၌ သဘာဝဘေးကြောင့် ပျက်စီးသွားသော ကျေးလက်ကုန်ထုတ်လမ်းကို မြေသားတင်ချင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပျော်ဘွယ်မြို့နယ် စကြာကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်းပေါ်တွင် ချင်းကျောက်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၉၄ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများစုဖွဲ့ပြီး နိုဝင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်းချင်းကျောက်ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက စကြာကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာမြေကေများစွာကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **ကိုလှိုင်**

## မြစ်ဝကျွန်းပေါ်

\- မြစ်ကွေ့က ခွေခွေ
မြစ်ရေက နွဲ့နွဲ့၊
ကြေအညာ စုန်ဆန်မျှောတယ်
သဘော်လှေနဲ့။

\- မြစ်ကမ်းမှာ ဓနိပင်
မြစ်လယ်တွင် ဗေဒါလွဲ့၊
တက်တုံ သက်တုံနဲ့
ရေယမုန် ပြာပြာမှိုင်းမှာ
လှိုင်းနဲ့ တူနွဲ့။

\- စိုက်ခင်းတွေ တစ်မျှော်တစ်ခေါ်
ရှုမျှော်လို့ မဝ၊
ဝဲနှင့်ယာ နှစ်ဖက်ကမ်းမှာ
စိမ်းလန်းပေစွ။

\- ချစ်စဖွယ် မြစ်သွယ်ထွန်းတဲ့
မြေနုကျွန်း သည်ရပ်မြေ၊
လုပ်သား လူမော်တို့
ရေပေါ်မှာ လှေလှော်သွား
လုပ်အားပြပေ၊
ရေအောက်က ရတနာတွေ
ဖွေရှာကြ မနေး၊
ငါးဖမ်း ပုစွန်ထောင်လို့
ကားဖောင်တွေ သည်ရေကြောမှာ
ပေါလှချည့်လေး။ ။

**မြင်းမူမောင်နိုင်မိုး**

**COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ရီပတ်ဘလီကန်ပါတီသမ္မတလောင်းဒေါ်နယ်ထရန့် အနိုင်ရရှိ




**နယူးယောက် နိုဝင်ဘာ ၆**

နိုဝင်ဘာ ၅ ရက်တွင် ကျင်းပခဲ့သော အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ရီပတ်ဘလီကန်ပါတီသမ္မတလောင်း ဒေါ်နယ်ထရန့်က ပြိုင်ဘက် ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ကာမာလာဟားရစ်ကို အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ထွက်ပေါ်လာသည့် ပဏာမရလဒ်များအရ ရီပတ်ဘလီကန်ပါတီသမ္မတလောင်း ဒေါ်နယ်ထရန့်သည် နိုဝင်ဘာ ၅ ရက် သမ္မတရွေးကောက်ပွဲတွင် သမ္မတရွေးချယ်ရေးအဖွဲ့၏ ထောက်ခံမဲ ၂၇၇မဲထိ ရရှိထားသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲ စည်းမျဉ်းဥပဒေများအရ သမ္မတလောင်း တစ်ဦးအနေဖြင့် ရွေးကောက်ပွဲအနိုင်ရလဒ် သေချာရေးအတွက် သမ္မတရွေးချယ်ရေးအဖွဲ့၏ ထောက်ခံမဲ အနည်းဆုံး ၂၇၀ ကို ရရှိရန်လိုအပ်သည်။

ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်သည် သမ္မတရွေးချယ်ရေးအဖွဲ့၏ ထောက်ခံမဲများကို အနိုင်ရလဒ်အတွက် အလုံအလောက်ရခဲ့သလို လူထုထောက်ခံမဲ အရေအတွက်အရလည်း ပြိုင်ဘက် ကာမာလာဟားရစ်ထက်ပိုများနိုင်သည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

ဒေါ်နယ်ထရန့်၏ ပြိုင်ဘက် ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ကာမာလာဟားရစ်က သမ္မတရွေးချယ်ရေးအဖွဲ့၏ထောက်ခံမဲ ၂၂၄မဲကိုသာ ရရှိထားသည်။

နိုဝင်ဘာ ၅ ရက် ရွေးကောက်ပွဲအနိုင်ရလဒ်ကြောင့် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်အနေဖြင့် ၄၇ ဦးမြောက် သမ္မတအဖြစ် အမေရိကန်နိုင်ငံကို လေးနှစ်သက်တမ်းဦးဆောင်ခွင့် ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အစ္စရေးကာကွယ်ရေးဝန်ကြီး ယိုအက်ဗ်ဂဲလန်း ရာထူးမှ ထုတ်ပယ်ခံရ

**ဂျေရုဆလင် နိုဝင်ဘာ ၆**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် ကာကွယ်ရေးဝန်ကြီး ယိုအက်ဗ်ဂဲလန်းကို နိုဝင်ဘာ ၅ ရက်တွင် ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။

နှစ်ဦးနှစ်ဖက် ယုံကြည်မှုပြဿနာတစ်ရပ်ကို အကြောင်းပြု၍ ကာကွယ်ရေးဝန်ကြီး ယိုအက်ဗ်ဂဲလန်းကို အစ္စရေးဝန်ကြီးချုပ်က ရာထူးမှဖယ်ရှားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် နေတန်ယာဟုသည် ယိုအက်ဗ်ဂဲလန်းကို ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီး အစ္စရေးလ်ကတ်ဇ်ကို ကာကွယ်ရေးဝန်ကြီးအဖြစ် အစားထိုးခန့်အပ်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးအစ္စရေးလ်ကတ်ဇ်သည် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ အဓိကနိုင်ငံရေး မဟာမိတ်ဖြစ်သည်။

သို့သော် ယိုအက်ဗ်ဂဲလန်းကို ကာကွယ်ရေး ဝန်ကြီးအဖြစ်မှ ထုတ်ပယ်ခဲ့ပြီးနောက် အစ္စရေးနိုင်ငံတစ်ဝန်းဆန္ဒပြပွဲများပေါ်ပေါက်ခဲ့ရပြီး ဆန္ဒပြသမားများက အဝေးပြေးလမ်းများကို ပိတ်ဆို့ခဲ့ကြကြောင်း သိရသည်။

အီရန်နှင့် စစ်ရေးတင်းမာမှုများရှိနေချိန်တွင် အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု အနေဖြင့် အမျိုးသားလုံခြုံရေးထက် နိုင်ငံရေးကို ပိုဦးစားပေးနေကြောင်း ဝေဖန်သူများက ပြောကြားထားသည်။

**Ref : Xinhua**
**Trs : KKO**

## ဗီယက်နမ်လေတပ်စစ်လေယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွား လေသူရဲနှစ်ဦး ပျောက်ဆုံးလျက်ရှိ



**ဟန္နိုင်း နိုဝင်ဘာ ၆**

ဗီယက်နမ်လေတပ်မှ ယက်ခ်-၁၃၀ အမျိုးအစား အပေါ့စား တိုက်ပွဲဝင်လေ့ကျင့်ရေးလေယာဉ် တစ်စင်း ယနေ့နံနက်ပိုင်းတွင် ပျက်ကျခဲ့ပြီးနောက် လေသူရဲနှစ်ဦး ပျောက်ဆုံးနေကြောင်း ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ စစ်လေယာဉ်သည် ရာသီဥတု ဆိုးရွားနေချိန်၌ လေယာဉ်ကွင်းတွင်ဆင်းသက်ရန် ကြိုးစားနေချိန်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

၎င်းလေယာဉ်ပေါ် လိုက်ပါလာသော လေသူရဲနှစ်ဦးမှာ လေယာဉ်ပျက်ကျချိန်တွင် လေထီးများဖြင့် ခုန်ထွက်ခဲ့ကြသော်လည်း လက်ရှိတွင်ပျောက်ဆုံးနေကြောင်း ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ပျောက်ဆုံးနေသော လေသူရဲနှစ်ဦးကို ဗီယက်နမ်လေတပ်က ဝေဟင်မှရော၊ မြေပြင်၌ပါ ရှာဖွေနေကြောင်း သိရသည်။

ပျက်ကျခဲ့သည့် ယက်ခ်-၁၃၀ လေယာဉ်မှာ ရုရှားနိုင်ငံက ထုတ်လုပ်သည့် အမောင်းသင်တိုက်ပွဲဝင်လေယာဉ်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၎င်း၏ စစ်လက်နက်ခဲယမ်းလိုအပ်ချက်အတွက် ရုရှားနိုင်ငံကို အားပြုမှီခိုနေရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## လေကြောင်းရန်ကာကွယ်ရေး လေယာဉ်လေးစင်း တောင်ကိုရီးယားသို့ရောင်းချရန် အမေရိကန်သဘောတူထား

**ဝါရှင်တန် နိုဝင်ဘာ ၆**

လေကြောင်းရန်ကြိုတင်သတိပေးစနစ်လေယာဉ်များနှင့်ထိန်းချုပ်ရေးစနစ်များကို တောင်ကိုရီးယားနိုင်ငံသို့ ရောင်းချပေးနိုင်ရန် အမေရိကန်အစိုးရက သဘောတူထားကြောင်းနိုဝင်ဘာ ၅ ရက် သတင်းများတွင်ရေးသားဖော်ပြထားသည်။

တောင်ကိုရီးယား နိုင်ငံသို့ အီး-၇အမျိုးအစားလေကြောင်းရန်ကြိုတင်သတိပေးစနစ် လေယာဉ်လေးစင်းရောင်းချရန် သဘောတူညီချက်ပေးထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အီး-၇ လေကြောင်းရန်ကြိုတင်သတိပေးစနစ်လေယာဉ်လေးစင်းနှင့်ဆက်စပ်စနစ်များ၊ဂျက်အင်ဂျင်များ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ငါးဘီလီယံနီးပါးထိရှိနိုင်ကြောင်း သိရသည်။

လေကြောင်းရန် ကြိုတင်သတိပေးစနစ်လေယာဉ်များသည် မြေပြင်အခြေစိုက် ရေဒါစနစ်များထက် ထောက်လှမ်းနိုင်သည့် အကွာအဝေး ပို၍မြင့်မားသည်ဖြစ်ရာ တောင်ကိုရီးယားအနေဖြင့် ဒုံးကျည်များနှင့်အခြားလေကြောင်းအန္တရာယ်များကို လျင်မြန်စွာ ထောက်လှမ်း သိရှိနိုင်မည်ဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံက တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ပြီး တစ်ရက်အကြာတွင် တောင်ကိုရီးယားနိုင်ငံသို့ အီး-၇ လေကြောင်းရန်ကြိုတင်သတိပေးစနစ်လေယာဉ်များရောင်းချရေး အစီအစဉ်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် နိုဝင်ဘာ ၅ ရက်တွင် တာတိုပစ်ဒုံးကျည်ခုနစ်စင်းကို အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အင်ဒိုနီးရှား၏ ယခုနှစ်တတိယသုံးလပတ်ဂျီဒီပီတိုးနှုန်း မြင့်တက်လာ

**ဂျကာတာ နိုဝင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ၏ ယခုနှစ်တတိယသုံးလပတ် စုစုပေါင်းပြည်တွင်းစီးပွားရေးထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)မှာ ယမန်နှစ်အလားတူကာလကထက် ၄ ဒသမ ၉၅ ရာခိုင်နှုန်းမြင့်တက်လာကြောင်း နိုဝင်ဘာ ၅ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

သို့သော် အင်ဒိုနီးရှား၏ ယခုနှစ် တတိယသုံးလပတ် ဂျီဒီပီတိုးနှုန်းမှာ ဒုတိယသုံးလပတ် ဂျီဒီပီတန်ဖိုးနှင့်နှိုင်းယှဉ်ပါက ပို၍နည်းပါးကြောင်း အင်ဒိုနီးရှားအစိုးရက နိုဝင်ဘာ ၅ ရက်တွင် ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရသိရသည်။

နှိုင်းယှဉ်ကြည့်ပါက အင်ဒိုနီးရှားနိုင်ငံ၏ ယခုနှစ်ဒုတိယသုံးလပတ်ဂျီဒီပီတိုးနှုန်းမှာ ၅ ဒသမ ၀၅ရာခိုင်နှုန်းထိရှိခဲ့ကြောင်း



အင်ဒိုနီးရှားအစိုးရ ကိန်းဂဏန်းအချက်အလက်များတွင် ဖော်ပြထားသည်။

သို့သော် ယခုနှစ် တတိယသုံးလပတ်ဂျီဒီပီတိုးနှုန်းအတွက် မိမိတို့အားရကျေနပ်မှုရှိသည်ဟု အင်ဒိုနီးရှားအစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

ယခုနှစ် တစ်နှစ်လုံးအတွက် ဂျီဒီပီတိုးနှုန်းမှာမူ ငါးရာခိုင်နှုန်းခန့်ထိရှိနိုင်ကြောင်း အင်ဒိုနီးရှားစီးပွားရေးပညာရှင်များက တွက်ချက်ထားသည်။

မိမိတို့အနေဖြင့် လက်ရှိဂျီဒီပီတိုးနှုန်းကို နှစ်ကုန်ထိ ဆက်ထိန်းထားနိုင်မည်ဟု မျှော်လင့်ထားကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားထားသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## အိုင်းစတိုင်း X-Ray ရောင်ခြည်ရေဒီယိုတယ်လီစကုပ်က လုပ်ငန်းခွင်ဝင်ရောက်မှု ပထမအဆင့်တွင် အာကာသဖြစ်စဉ်အများအပြားရှာဖွေတွေ့ရှိထား



ပေကျင်း နိုဝင်ဘာ ၆

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ အိုင်းစတိုင်း X-Ray ရောင်ခြည် ရေဒီယိုတယ်လီစကုပ်သည် လုပ်ငန်းခွင်ဝင်ရောက်မှု ပထမအဆင့်တွင် အာကာသဖြစ်စဉ်အများအပြား ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံသည် အိုင်းစတိုင်း X-Rayရောင်ခြည် အာကာသရေဒီယိုတယ်လီစကုပ်ကို ယခုနှစ် ဇန်နဝါရီ ၆ ရက်က လောင်းမတ်ချ်-၂စီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် အိုင်းစတိုင်း အာကာသရေဒီယိုတယ်လီစကုပ်သည် ပထမလုပ်ငန်းခွင်ဝင်ရောက်မှုကို စတင်ခဲ့ပြီး ကမ္ဘာပတ်လမ်းပေါ်၌ စူးစမ်းလေ့လာရေးစနစ်များကို စမ်းသပ်ခြင်း၊ ချိန်ညှိခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကာလအပိုင်းအခြားအတွင်းမှာပင် အိုင်းစတိုင်း အာကာသရေဒီယိုတယ်လီစကုပ်သည် ကြယ်များ၊ အာကာသတွင်းနက်များ၏ အလင်းအားပြောင်းလဲမှု ဖြစ်စဉ်အမျိုးမျိုးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် အိုင်းစတိုင်းအာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာခေတ်ဦးပိုင်း ဂမ်မာရောင်ခြည်ပေါက်ကွဲမှုဖြစ်စဉ်တစ်ရပ်ကိုပင် ထောက်လှမ်းတွေ့ရှိထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## Parker နေလေ့လာရေးအာကာသယာဉ်က သောကြာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်

ဝါရှင်တန် နိုဝင်ဘာ ၆


အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ Parker နေလေ့လာရေးအာကာသယာဉ်သည် ယနေ့တွင် သောကြာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

Parker နေလေ့လာရေးအာကာသယာဉ်အနေဖြင့် ယနေ့တွင် သောကြာဂြိုဟ်ကို သတ္တမအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

ယနေ့မစ်ရှင်တွင် Parker နေလေ့လာရေး အာကာသယာဉ်သည် နေမျက်နှာပြင်ကို မိုင်ပေါင်း ၂၃၃ မိုင်အကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

Parker နေလေ့လာရေး အာကာသယာဉ်သည် နေအနီး၌ ချဉ်းကပ်၍ရနိုင်သမျှ ချဉ်းကပ်ရေးအတွက် သောကြာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်း၍ ဒြပ်ဆွဲအားအကူအညီရယူရန် စီစဉ်ထားခြင်းဖြစ်သည်။

သောကြာဂြိုဟ်ကို သတ္တမအကြိမ်အဖြစ် အနီးကပ်ဖြတ်သန်းပြီးပါက Parker နေလေ့လာရေး အာကာသယာဉ်သည် နေမျက်နှာပြင်ကို မိုင်ပေါင်း ၃ ဒသမ ၈ သန်းအကွာမှ ဖြတ်ကျော်ပျံသန်းနိုင်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။



နာဆာအဖွဲ့သည် နေ၏လေထုလွှာကိုလေ့လာရေးအတွက် Parker နေလေ့လာရေး အာကာသယာဉ်ကို ၂၀၁၈ ခုနှစ်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

ဝါရှင်တန် နိုဝင်ဘာ ၆

Space-X ကုမ္ပဏီ၏ ဒရာဂွန် အာကာသ ကုန်တင်ယာဉ်သည် နိုဝင်ဘာ ၅ ရက်က နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။



Space-X ကုမ္ပဏီသည် ဒရာဂွန် အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၄ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်နှင့် နိုင်ငံတကာအာကာသစခန်းတို့သည် နိုဝင်ဘာ ၅ ရက်က ရုရှားနိုင်ငံ အရှေ့တောင်ပိုင်း အထက် ကမ္ဘာပတ်လမ်းပေါ်၌ အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့သည်။

အဆိုပါ ဒရာဂွန်အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် အခြားသိပ္ပံပညာစမ်းသပ်မှုဆိုင်ရာပစ္စည်းများ အပါအဝင် ပစ္စည်းပစ္စယမျိုးစုံ ၂၇၀၀ ကီလိုဂရမ်ထိ သယ်ဆောင်သွားကြောင်း၊ ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း ဟာမိုနီပင်မကိုယ်ထည်၏ ကမ္ဘာမြေဘက်အခြမ်း၌ ဆိုက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## အိုမီဂါ-၃ နှင့် အိုမီဂါ-၆ ဖက်တီးအက်စစ်တို့က ကင်ဆာရောဂါဖြစ်နိုင်ခြေကျဆင်းမှုနှင့်ဆက်စပ်နေ

နယူးယောက် နိုဝင်ဘာ ၆

အိုမီဂါ-၃ ဖက်တီးအက်စစ်နှင့် အိုမီဂါ-၆ ဖက်တီးအက်စစ်တို့သည် ကင်ဆာရောဂါတချို့ဖြစ်နိုင်ခြေကျဆင်းမှုနှင့်ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

သွေးအတွင်း အိုမီဂါ-၃ နှင့် အိုမီဂါ-၆ ဖက်တီးအက်စစ်ပါဝင်မှု အဆင့်မြင့်မားမှုသည် ဦးနှောက်ကင်ဆာ၊ အူမကြီးကင်ဆာနှင့်အစာအိမ်ကင်ဆာအပါအဝင် ကင်ဆာရောဂါတချို့ဖြစ်နိုင်ခြေကျဆင်းမှုနှင့်ဆက်စပ်နေကြောင်း အမေရိကန်နိုင်ငံ ဂျော်ဂျီယာတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူဦးရေ ၂၅၀၀၀၀ ကျော်တို့၏အချက်အလက်များကို လေ့လာစိစစ်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အိုမီဂါ-၃ ဖက်တီးအက်စစ် သွေးအတွင်းပါဝင်မှုမြင့်မားသူများ၌ အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာနှင့် အဆုတ်ကင်ဆာဖြစ်နိုင်ခြေများ ကျဆင်းနေတတ်ပြီး အခြားအစာခြေလမ်းကြောင်းစနစ်ကင်ဆာရောဂါများ ဖြစ်နိုင်ခြေလည်း ပိုနည်းပါးကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ အိုမီဂါ-၆ ဖက်တီးအက်စစ်ပါဝင်မှုအဆင့်မြင့်မားသူများ၌ ဦးနှောက်ကင်ဆာနှင့် ဆီးအိတ်ကင်ဆာအပါအဝင် ကင်ဆာရောဂါအမျိုးအစား ၁၄ မျိုးတို့ဖြစ်နိုင်ခြေ ကျဆင်းနေတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ပေါင်းသတ်ဆေး၌ပါဝင်သော ဓာတုပစ္စည်းများကြောင့် ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေ မြင့်မားလာနိုင်

နယူးယောက် နိုဝင်ဘာ ၆

စိုက်ပျိုးရေးလုပ်ငန်းသုံး ပေါင်းသတ်ဆေးများ၌ပါဝင်သော ဓာတုပစ္စည်းများကြောင့် ဆီးကျိတ်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း နိုဝင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပေါင်းသတ်ဆေး ၃၀၀ ခန့်တို့ကို စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသော ရလဒ်များအရ အထက်ပါ ပေါင်းသတ်ဆေးအမျိုး ၃၀၀ ခန့်အနက် ၂၂ မျိုးမှာ ဆီးကျိတ်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်နွှယ်နေသည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပေါင်းသတ်ဆေးများတွင် အသုံးပြုသည့် ဓာတုပစ္စည်းအမျိုးအစားတစ်ဒါဇင်ကျော်တို့မှာ ဆီးကျိတ်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာမှု၏ နောက်ခံအကြောင်းတရားဖြစ်နိုင်ကြောင်း သိရသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ ပေါင်းသတ်ဆေးအမျိုးအစား ၁၀၀၀ ကျော်ကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနေကြသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



နိုင်ငံတကာ
အားကစားသတင်းများ

# နည်းပြလမ်းပတ်က ပရီးမီးယားလိဂ် ကလပ်အသင်းတစ်ခုကို တာဝန်ယူရန် ဆန္ဒရှိနေဟုဆို

**လန်ဒန် နိုဝင်ဘာ ၆**

ချဲလ်ဆီးအသင်းမှ ထွက်ခွာခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြလမ်းပတ်ကို ရိုးမားအသင်းက ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ၎င်းက ပရီးမီးယားလိဂ် ကလပ်အသင်းတစ်ခုခုကို ပြန်လည်တာဝန်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ရလဒ်ပိုင်းဆိုးရွားနေသည့် ရိုးမားအသင်းက နည်းပြလမ်းပတ်ကို တာဝန်ပေးအပ်ရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေကြောင်း သတင်း ထွက်ပေါ်ခဲ့သော်လည်း ၎င်းအနေဖြင့် ပရီးမီးယားလိဂ်မှ ဝက်စ်ဟမ်းအသင်းနည်းပြ လိုပက်တီဂူ၏နေရာတွင် အစားထိုး တာဝန်ယူရန် ပစ်မှတ်နေပြီး ပရီးမီးယားလိဂ်သို့ပြန်လာရန် ဆန္ဒရှိနေကြောင်း ဗြိတိန်သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့သည်။

လက်ရှိတွင် ဝက်စ်ဟမ်းအသင်းသည် နည်းပြမိုရက်စ်ကို ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြ လိုပက်တီဂူ တာဝန်ယူနေသည့်ကာလအတွင်း ပြိုင်ပွဲစုံတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီး ပရီးမီးယားလိဂ် ၁၀ ပွဲကစားပြီးချိန်တွင် သုံးပွဲသာ အနိုင်ရခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ရလဒ်ပိုင်းဆိုးရွားနေမှုကို ပြောင်းလဲပေးနိုင်ရန်အတွက် လိုပက်တီဂူနေရာတွင် ၂၀၂၃ ခုနှစ်က ချဲလ်ဆီးအသင်းနှင့် လမ်းခွဲခဲ့သည့် နည်းပြလမ်းပတ်ကို အစားထိုးသွားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူး ကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲစဉ်တစ်လျှောက်လုံး နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် ဂိုးပေါက်ကန်သွင်းခွင့် အခွင့်အရေးများ ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများရှိခဲ့ပြီး အခွင့်အရေးများကို အသုံးချနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်ထိ နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြ ကစားနိုင်ခဲ့သည့် တိုက်စစ်ကစားသမား မင်းမော်ဦးက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဆင့်မှ မြန်မာဖူဆယ်အသင်း ထွက်ခွာခဲ့ရ

**ရန်ကုန် နိုဝင်ဘာ ၆**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံး ပွဲစဉ်အဖြစ် ယနေ့တွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနှင့် အင်ဒိုနီးရှား အသင်းတို့ ကစားခဲ့ရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းက ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် သရေရလဒ်ရရှိခဲ့လျှင် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မည့် အခွင့်အရေးရှိခဲ့သော်လည်း အင်ဒိုနီးရှားအသင်းကို ခက်ခက်ခဲခဲကစားခဲ့ရပြီး ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ကိုကိုလွင်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အုပ်စုသုံးပွဲကစားခဲ့ရာ သြစတြေးလျအသင်းနှင့်ပွဲစဉ်တွင် သုံးဂိုးစီ သရေရလဒ်၊ ကမ္ဘောဒီးယားအသင်းကို ငါးဂိုး လေးဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း အင်ဒိုနီးရှားအသင်းကို ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ရမှတ်လေးမှတ်ဖြင့် သြစတြေးလျအသင်းနှင့် ရမှတ်တူညီခဲ့သော်လည်း ဂိုးကွာခြားချက်ကြောင့် အုပ်စု တတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**STA**

## အားကစားသတင်းအတိုအထွာများ

- လီဗာပူးအသင်းက လေဗာကူဆင်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့ပြီးနောက် ပရီးမီးယားလိဂ်သမိုင်းတွင် ပြိုင်ပွဲစုံ ၁၆ ပွဲ၌ နည်းပြစလော့က ၁၄ ပွဲထိ အနိုင်ရခဲ့သည့် ပထမဆုံး နည်းပြဖြစ်လာကြောင်း သိရသည်။
- အင်တာမီလန်အသင်းက ခံစစ်ကစားသမား ဘစ်ဆက်ခ်ကို လာမည့် ၂၀၂၉ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရခဲ့သည်။
- မန်ယူအသင်းက ရောင်းချလိုသော်လည်း ဇန်နဝါရီတွင် ထွက်ခွာရန်ဆန္ဒမရှိကြောင်း မက်ဂွဲယားက ထုတ်ဖော်ပြောကြားခဲ့သည်။

**ML**

# WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့်တွင် ကိုကိုဂတ်ဖ်က စဝီယာတက်ခ်အား အနိုင်ယူ၍ ဆီမီးဖိုင်နယ်သို့ တက်ရောက်

**ရီယာ့ဒ် နိုဝင်ဘာ ၆**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင်ကျင်းပနေသည့် WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအတွင်း ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်နှင့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကိုကိုဂတ်ဖ်က (၆-၃၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုကိုဂတ်ဖ်သည် အုပ်စုတွင်း ပထမပွဲစဉ်တွင်လည်း အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ကိုကိုဂတ်ဖ်က (၆-၃၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စုတွင်း သုံးပွဲကစားရမည်ဖြစ်ရာ နှစ်ပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ကိုကိုဂတ်ဖ်အား ရှုံးနိမ့်သွားခဲ့သည့်အတွက် စဝီယာတက်ခ်အနေဖြင့်လည်း ကမ္ဘာ့အဆင့်(၁) နေရာကို သေချာပေါက် စွန့်လွှတ်လိုက်ရပြီဖြစ်ပြီး အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ရေးအတွက် အမေရိကန်တင်းနစ်မယ် ပီဂူလာအား အနိုင်ကစားနိုင်ရန် လိုအပ်နေသည်။

ပီဂူလာအနေဖြင့် အုပ်စုတွင်း နှစ်ပွဲဆက်တိုက် ရှုံးနိမ့်သွားခဲ့ပြီဖြစ်သည့်အတွက် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ရန် ရာခိုင်နှုန်းနည်းသွားပြီဖြစ်သည်။



ကိုကိုဂတ်ဖ်က "စဝီယာတက်ခ်နဲ့တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့မရှိပါဘူး။ သူနဲ့တွေ့ရမယ်ဆိုတဲ့ ပွဲစဉ်တိုင်းလဲ ဖိအားများတယ်။ ထိပ်တိုက်တွေ့ဆုံမှုရလဒ်မကောင်းတဲ့အတွက်ကြောင့်လဲ သူနဲ့တွေ့ရမှာကို စိုးရိမ်နေမိတယ်။ ဒါပေမဲ့လဲ ဒီပွဲစဉ်မှာတော့ ယုံကြည်မှုအပြည့်နဲ့ ကစားနိုင်ခဲ့သလို ရလဒ်ကောင်းတစ်ခုနဲ့ အနိုင်ရခဲ့တယ်။ စဝီယာတက်ခ်ကို အနိုင်ကစားနိုင်ခဲ့လို့လဲ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ မြင့်တက်လာတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲကြုံခဲ့သည့် မန်စီးတီးအသင်း ၂၇ ပွဲဆက် ရှုံးပွဲမရှိစံချိန် ရပ်တန့်ခဲ့ရ



**မန်ချက်စတာ နိုဝင်ဘာ ၆**

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် မန်စီးတီးအသင်းက စပို့တင်းလစ္စဘွန်း အသင်းကို လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲသမိုင်းတွင် ၂၇ ပွဲဆက် ရှုံးပွဲမရှိစံချိန်ကောင်းတစ်ခု ရပ်တန့်ခဲ့ရကြောင်း သိရသည်။

မန်စီးတီး အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၂၀၂၂ ခုနှစ်မှစတင်ကာ ၂၇ ပွဲဆက် ရှုံးပွဲမရှိသည့် စံချိန်ကောင်းတစ်ခုကို ပိုင်ဆိုင်ခဲ့ပြီး ချန်ပီယံလိဂ်သမိုင်းတွင် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်ထိ ၂၅ ပွဲဆက် ရှုံးပွဲမရှိခဲ့သည့် မန်ယူအသင်း၏စံချိန်ကို ကျော်ဖြတ်ခဲ့သည့်အပြင် အက်စ်ပန်ညိုအသင်း အောင်မြင်မှုရခဲ့သည့် ၂၆ ပွဲဆက် ရှုံးပွဲမရှိစံချိန်ကိုလည်း ကျော်ဖြတ်နိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်သမိုင်းတွင် မှတ်တမ်းသစ်တစ်ခု ရေးထိုးနိုင်ခဲ့ကာ ယခုပွဲစဉ်ကို အနိုင်ရပါက စံချိန်သစ်တင်နိုင်မည်ဖြစ်သော်လည်း ဂိုးပြတ်ရှုံးခဲ့၍ စံချိန်ကောင်းတစ်ခု ရပ်တန့်ခဲ့ရကြောင်း သိရသည်။

ထို့ပြင် မန်စီးတီးအသင်းသည် အောက်တိုဘာ ၃၁ ရက်က ကစားခဲ့သည့် စပါးအသင်းနှင့် ကွာရာဘောင်းဖလားပြိုင်ပွဲတွင် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲတွင် ဘုန်းမောက်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ ယခုပွဲစဉ်တွင် စပို့တင်းလစ္စဘွန်းအသင်းကို လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ၂၀၁၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပြိုင်ပွဲစုံ သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ယခုပွဲစဉ်သည် မန်ယူအသင်းသို့ ပြောင်းရွှေ့တော့မည့် နည်းပြအာမိုရင်၏ နောက်ဆုံးပွဲစဉ်ဖြစ်သည့် စပို့တင်းလစ္စဘွန်းအသင်းအနေဖြင့် အကောင်းဆုံး ကစားနိုင်ခဲ့သောကြောင့် မန်စီးတီးအသင်းခံစစ်ပိုင်း အခက်တွေ့ခဲ့ရပြီး ပွဲချိန်လေးမိနစ်တွင် မန်စီးတီးအသင်းက ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း စပို့တင်းလစ္စဘွန်းအသင်းက တန်ပြန်တိုက်စစ် ကောင်းမွန်မှုကြောင့် ပွဲချိန် ၃၈ မိနစ်၊ ၄၉ မိနစ်၊ မိနစ် ၈၀ တို့တွင် ဂိုကာရက်စ်၊ ပွဲချိန် ၄၆ မိနစ်တွင် မက်ဆီမိလီယာနိုတို့၏ ခြေစွမ်းပြသွင်းဂိုးများဖြင့် အနိုင်ရခဲ့ပြီး မန်စီးတီးအသင်း ချေပဂိုး ရရှိရန် အခွင့်အရေးရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် လေးဂိုး တစ်ဂိုးဖြင့် ရှုံးပွဲကြုံခဲ့ရကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# WBA Continental USA ဝယ်လ်တာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲတွင် ဂိုမက်ဇ်နှင့် ထိုးသတ်မည်ဖြစ်ကြောင်း နစ်ကလောက် ထုတ်ပြန်




ကစ်ဆင်မီ နိုဝင်ဘာ ၆

WBA Continental USA ဝယ်လ်တာဝိတ်တန်း ချန်ပီယံ ပွဲတိုရီကို လက်ဝှေ့သမား နစ်ကလောက်နှင့် မက္ကဆီကို လက်ဝှေ့သမား ဂိုမက်ဇ်တို့သည် နိုဝင်ဘာ ၉ ရက်တွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကစ်ဆင်မီမြို့တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နစ်ကလောက်အတွက် လက်ရှိ ချန်ပီယံဆုကို ပထမဆုံးအကြိမ် ကာကွယ်ခြင်းဖြစ်ပြီး လက်ရှိ ချန်ပီယံအား ကာကွယ်နိုင်ရေး အတွက် အကောင်းဆုံးပြင်ဆင် ထားကြောင်းလည်း နစ်ကလောက်က ပြောကြားခဲ့သည်။

သို့သော်လည်း ဂိုမက်ဇ်သည် အတွေ့အကြုံရှိသည့် လက်ဝှေ့သမား တစ်ဦးဖြစ်သည့်အတွက် နစ်ကလောက်၏ ချန်ပီယံဆုကို ခြိမ်းခြောက်နိုင်မည့် လက်ဝှေ့သမားတစ်ဦးလည်းဖြစ်သည်။

ဂိုမက်ဇ်ကဲ့သို့သော ကမ္ဘာ့ချန်ပီယံ ခါးပတ်အတွက် ထိုးသတ်ခဲ့ဖူးသော ဝါရင့်ပြိုင်ဘက်နှင့်ထိုးသတ်ရမည်ဖြစ်သောကြောင့် ဖိအားရှိနေကြောင်းလည်း နစ်ကလောက်က ဝန်ခံပြောကြားခဲ့သည်။

နစ်ကလောက်က “WBA Continental USA ဝယ်လ်တာဝိတ်တန်း ချန်ပီယံခါးပတ်ကို ရရှိခဲ့ပြီးတဲ့နောက် လက်ရှိချန်ပီယံဆုကို ပထမဆုံး ကာကွယ်ထိုးသတ်သွားရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားနေပါတယ်။ ထိုးသတ်သွားရမဲ့ပြိုင်ဘက်ကလဲ ဂိုမက်ဇ် ဖြစ်တဲ့အတွက် ပိုပြီးတော့ စိတ်လှုပ်ရှားရပါတယ်။ ကျွန်တော့်ရဲ့ ချန်ပီယံခါးပတ်ကို ခြိမ်းခြောက်နိုင်တဲ့ပြိုင်ဘက်မျိုး ဖြစ်ပါတယ်။ ကျွန်တော်နဲ့ အသက်အရွယ်မကွာဘူးဆိုပေမဲ့လဲ အတွေ့အကြုံက အရမ်းကွာနေတယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ချန်ပီယံရီးရဲလ်မက်ဒရစ်အသင်း အိမ်ကွင်းတွင် အေစီမီလန်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်

မက်ဒရစ် နိုဝင်ဘာ ၆

လက်ရှိချန်ပီယံ ရီးရဲလ်မက်ဒရစ်အသင်းသည် အေစီမီလန်အသင်းကို ဧည့်ခံကစားခဲ့ရသည့် အိမ်ကွင်းပွဲစဉ်တွင် သုံးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် လေးပွဲကစားအပြီးတွင် ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁၇)သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်တွင် ဒေါ့မွန်အသင်းကို အနိုင်ယူ၍ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လေးပွဲကစားခဲ့ရာ နှစ်ပွဲသာ အနိုင်ရခဲ့ပြီး လိုင်လီအသင်းနှင့် အေစီမီလန်အသင်းတို့ကို ရှုံးနိမ့်ခဲ့သောကြောင့် ရမှတ်ခြောက်မှတ်ဖြင့် ၁၆ သင်း ရှုံးထွက်အဆင့်သို့ တိုက်ရိုက်ဝင်ခွင့်ရရှိရန် ရုန်းကန်ရမည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် အက်ဘာက်ပီ၊ ဗင်နီစီးယက်စ်၊ ဘယ်လင်ဟမ်တို့ကဲ့သို့ ထိပ်တန်းအဆင့် ကစားသမားကောင်းများ ရှိသော်လည်း ခံစစ်ကစားပုံ အားနည်းမှုကြောင့် ပြီးခဲ့သည့် ဒေါ့မွန်အသင်းနှင့် အိမ်ကွင်းပွဲစဉ်တွင် ပေးဂိုး နှစ်ဂိုး၊ ဘာစီလိုနာအသင်းနှင့် အိမ်ကွင်းပွဲစဉ်တွင် ပေးဂိုး လေးဂိုး၊ ယခုပွဲစဉ်တွင် အေစီမီလန်အသင်းကို ပေးဂိုး သုံးဂိုးထိ ခွင့်ပြုခဲ့ရပြီး နောက်ဆုံး အိမ်ကွင်းသုံးပွဲဆက် ကိုးဂိုးထိ ခွင့်ပြုခဲ့ရသောကြောင့် နည်းပြ အန်ဆယ်လော့တီ အနေဖြင့် ခံစစ်ပိုင်းပြုပြင်ပြီး ဖြေရှင်းနိုင်ရန် အခက်ကြုံနေရသည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ် အသင်းသည် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်အဖြစ် လက်ကျန်လေးပွဲကို ရမှတ်ရယူနိုင်မှသာ ၁၆ သင်း အဆင့်သို့ တိုက်ရိုက်ဝင်ရောက်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Daily Mail
Trs : ML



# နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၂)တွင် ရောဝတီယူနိုက်တက်အသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၂) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ရောဝတီယူနိုက်တက် အသင်း၊ ရှမ်းယူနိုက်တက် အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ အနိုင်ရရှိခဲ့ကြောင်း သိရသည်။

နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၂)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာ အားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရောဝတီယူနိုက်တက် အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရောဝတီယူနိုက်တက် အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် နှစ်မိနစ်တွင် ဇင်မင်းရှိန်းက သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက တောင်ဒဂုံ အားကစားကွင်းတွင် ဒဂုံပေါ့ပ်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် Sai ZomHseng၊ ပွဲချိန် ၄၅ မိနစ်တွင် ထက်မြတ်လွင်တို့က သွင်းယူနိုင်ခဲ့ပြီး ဒဂုံပေါ့ပ်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၇ မိနစ်တွင် နိုင်ကိုကိုက သွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက စလင်းအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် လမင်းပြည့်စုံက သွင်းယူပေးနိုင်ခဲ့သည်။

နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၃)အဖြစ် နိုဝင်ဘာ ၇ ရက် ညနေ ၃ နာရီခွဲတွင် တောင်ဒဂုံ အားကစားကွင်း၌ ဟံသာဝတီ ယူနိုက်တက်အသင်းနှင့် မြဝတီ အက်ဖ်စီအသင်း၊ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ ဒဂုံ စတားအသင်းနှင့် ရှိုင်းယူနိုက်တက်အသင်း၊ ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ ISPE အသင်းနှင့်Junior Lions အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# World Athlete of the Year award ဆုအတွက် နောက်ဆုံးဆန်ခါတင်နှစ်ဦးစာရင်းတွင် အင်ဂျီဘရစ်ဆန်နှင့် တီဘိုဂိုတို့ ရွေးချယ်ခံရ

စတော့ဟုမ်း နိုဝင်ဘာ ၆

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင်အခြေစိုက်သည့် World Athletics အဖွဲ့ချုပ်က ပြေးခုန်ပစ် အားကစားလောကမှ တစ်နှစ်တာ အကောင်းဆုံး အမျိုးသားအပြေးသမားဆုအတွက် ဆန်ခါတင် ကစားသမားနှစ်ဦးစာရင်း ထုတ်ပြန်ခဲ့ရာတွင် နော်ဝေအပြေးသမား အင်ဂျီဘရစ်ဆန်နှင့် ဘော့စ်ဆွာနာ အပြေးသမား တီဘိုဂိုတို့က ရွေးချယ်ခံခဲ့ရကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။




အင်ဂျီဘရစ်ဆန်သည် ယခုနှစ် ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုအား ဆွတ်ခူးရရှိခဲ့ပြီး တီဘိုဂိုက ယခုနှစ် ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် မီတာ ၂၀၀ အပြေးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့သူ ဖြစ်သည်။

World Athletics အဖွဲ့ချုပ်က “World Athlete of the Year award ဆုအတွက် နောက်ဆုံး ဆန်ခါတင် ကစားသမားနှစ်ဦး စာရင်းမှာ နော်ဝေအပြေးသမား အင်ဂျီဘရစ်ဆန်နဲ့ ဘော့စ်ဆွာနာ အပြေးသမား တီဘိုဂိုတို့ပဲဖြစ်ပါတယ်။ ယခုနှစ်အတွင်းကျင်းပခဲ့တဲ့ အိုလံပစ် အားကစားပွဲတော် အပါအဝင် နိုင်ငံတကာ ပြေးခုန်ပစ် အားကစားပွဲတွေမှာ အောင်မြင်မှုတွေများစွာရရှိထားတဲ့ အားကစားသမားတွေဖြစ်ပါတယ်”ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# MYANMAR FOOTBALL ACADEMIES TOURNAMENT 2024 ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကကြီးမှူးပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အကယ်ဒမီအသင်းများ၊ ISPE အသင်းများ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် MYANMAR FOOTBALL ACADEMIES TOURNAMENT 2024 ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ရန်ကုန်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

MYANMAR FOOTBALL ACADEMIES TOURNAMENT 2024 ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များအဖြစ် ယနေ့နံနက် ၇ နာရီခွဲက လှော်ကျင်ရေးကွင်း အမှတ်(၁)တွင် ISPE(မုံရွာ)အသင်းနှင့် ရန်ကုန် အကယ်ဒမီ (B)အသင်းတို့ ကစားခဲ့ရာ ISPE(မုံရွာ)အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး လှော်ကျင်ရေးကွင်း အမှတ်(၂)တွင် တပ်မတော် ဘောလုံး အကယ်ဒမီအသင်းနှင့် မန္တလေးအကယ်ဒမီ (C)အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေကျ ထွက်ပေါ်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက လှော်ကျင်ရေးကွင်း အမှတ်(၁)တွင် ISPE(ရန်ကုန်)အသင်းနှင့် ရန်ကုန် အကယ်ဒမီ (A)အသင်းတို့ ကစားခဲ့ရာ ISPE(ရန်ကုန်)အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး လှော်ကျင်ရေးကွင်း အမှတ်(၂)တွင် မန္တလေးအကယ်ဒမီ(A) အသင်းနှင့် မန္တလေးအကယ်ဒမီ (B)အသင်းတို့ကစားခဲ့ရာ ဂိုးမရှိ သရေကျ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

STA

# ကလျာဏမိတ္တကိုအကြောင်းပြုလို့ CLMV အဖွဲ့၏ စည်းလုံးညီညွတ်မှုနဲ့အတူ သာယာဝပြောသောအသိုက်အဝန်းဆီသို့

အခါတစ်ပါးတုန်းက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ရှင်အာနန္ဒာရဲ့ လျှောက်ထားမှုကြောင့် မိတ်ကောင်းဆွေကောင်းရဲ့ တန်ဖိုးကြီးမားပုံကို ဟောဖော်ညွှန်ပြခဲ့ဖူးပါတယ်။ အဲဒီမှာ ရှင်အာနန္ဒာက ဘယ်လိုလျှောက်လဲဆိုရင် မိတ်ကောင်းဆွေကောင်းရှိခြင်းက အမှုကိစ္စတို့ကို ၅၀ ရာခိုင်နှုန်း ပြီးမြောက်စေတတ်တယ်ဆိုပြီး ပုထုဇဉ်အတွေးကို မြတ်စွာဘုရားဆီ လျှောက်ထားတာပေါ့။ ဒါပေမဲ့ ရှင်အာနန္ဒာရဲ့ အတွေးအခေါ်ကို မြတ်စွာဘုရားရှင်က ငြင်းပယ်တော်မူပါတယ်။

တကယ်တော့ ကလျာဏမိတ္တလို့ခေါ်တဲ့ မိတ်ကောင်းဆွေကောင်းဆိုတာက အားကြီးတဲ့ မှီခိုရာ အကြောင်းတစ်ခုဖြစ်တဲ့အပြင် မိတ်ကောင်းဆွေကောင်းသာရှိမယ်ဆိုရင် အမှုကိစ္စတို့ကို ရာနှုန်းပြည့် အောင်မြင်ပြီးစီးစေတတ်တယ်လို့ မြတ်စွာဘုရားရှင်က ပြန်လည်မိန့်ကြားတော်မူတယ်လို့ ကြားသိခဲ့ရပါတယ်။ ဒါကြောင့် မိတ်ကောင်းဆွေကောင်းရှိဖို့ဆိုတာ လူတစ်ဦးချင်းအတွက်သာမက အဖွဲ့အစည်းများ အချင်းချင်း၊ နိုင်ငံအချင်းချင်း အတွက်ပါ အကျိုးရှိစေမှာ မဟုတ်ပါလား။

လူဆိုတာ တစ်ဦးတစ်ယောက်တည်း ရပ်တည်လို့ မရသလို နိုင်ငံတွေဆိုသည်မှာလဲ ကမ္ဘာပေါ်မှာ ထီးထီးကြီး ရပ်တည်လို့ မရနိုင်ပါဘူး။ လူတွေက ပုထုဇဉ်ဖြစ်နေသမျှ ကာလပတ်လုံး လောကီကောင်းကျိုးတွေရရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံဆိုသည်မှာလဲ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကောင်းကျိုးချမ်းသာတွေ ရရှိစေဖို့အတွက် ဆောင်ကြဉ်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုး ကောင်းကျိုးတွေ ရရှိစေဖို့ဆိုတာ ကိုယ်တစ်ဦးတစ်ယောက်တည်းနဲ့တော့ ဘယ်လိုမှ မစွမ်းဆောင်နိုင်ပါဘူး။ မိတ်ဆွေကောင်းဆိုတာလဲ မဖြစ်မနေ လိုအပ်ပါတယ်။ တစ်ခုတော့ ရှိတာပေါ့။ ကိုယ်က မိတ်ဆွေကောင်းလိုချင်ရင် ကိုယ်ကိုယ်တိုင်က အခြားသူအတွက် မိတ်ဆွေကောင်းဖြစ်ဖို့ လိုအပ်တယ်မဟုတ်ပါလား။ ဒါကြောင့် ဒေသတွင်း နိုင်ငံအချင်းချင်း ကလျာဏမိတ္တပီသစွာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်မယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဝေးမယ်မထင်ပါဘူး။ ဒီလိုနိုင်ငံအချင်းချင်း ကလျာဏမိတ္တပီသစွာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်ဖို့အတွက် အရှေ့တောင်အာရှမှ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတွေက CLMV ဆိုတဲ့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ခုကို လက်တွေ့အကောင်အထည်ဖော်ခဲ့ကြပါတယ်။ ဒါကြောင့် CLMV ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းလေးကို အကျဉ်းချုံးတင်ပြလိုပါတယ်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလကပေါ့။ မြန်မာနိုင်ငံရဲ့ ဗုဒ္ဓဘာသာထွန်းကားရာ နေရာတစ်ခုဖြစ်တဲ့ ပုဂံမြို့မှာ ပထမအကြိမ် ACMECS ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ လာအိုနိုင်ငံ ဝန်ကြီးချုပ်က မြန်မာနိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ဆုံစဉ်မှာ ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး (Cambodia – Lao PDR– Myanmar– Vietnam Cooperation Summit– CLMV)ကို ကျင်းပသွားဖို့ အဆိုပြုလိုက်ပါတယ်။ အဲဒီအဆိုပြုမှုဟာ ချက်ချင်းပဲ အကောင်အထည်ပေါ်ခဲ့တာပါ။ ၂၀၀၄ ခုနှစ် နိုဝင်ဘာလရောက်တော့ ပထမအကြိမ် CLMV ထိပ်သီးအစည်းအဝေးကို လာအိုနိုင်ငံ ဗီယင်ကျင်းမြို့မှာ အာဆီယံထိပ်သီးအစည်းအဝေးနဲ့အတူ ဆက်စပ်ကျင်းပပြီး CLMV အဖွဲ့ဝင် လေးနိုင်ငံကြားမှာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးဆိုင်ရာ ဗီယင်ကျင်းကြေညာစာတမ်း (Vientiane Declaration) ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ အဲဒီကြေညာစာတမ်းအရ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍရှစ်ခုမှာ ပူးပေါင်းဆောင်ရွက်သွားဖို့ အဖွဲ့ဝင်နိုင်ငံတွေက သဘောတူကြပါတယ်။ အဖွဲ့ဝင်တစ်နိုင်ငံစီက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအနည်းဆုံး နှစ်ခုစီကို ဦးဆောင်တာဝန်ယူရမှာပါ။

ပူးပေါင်းဆောင်ရွက်မှုကဏ္ဍကြီး ရှစ်ခုကဘာတွေလဲဆိုရင် -

(က) ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုလွယ်ကူစေခြင်းနှင့် တိုးမြှင့်ပေးခြင်း
(ခ) စိုက်ပျိုးရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း
(ဂ) စက်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း



(ဃ) စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း
(င) ပို့ဆောင်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း
(စ) သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း
(ဆ) ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း
(ဇ) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ကဏ္ဍသုံးခုကို ဦးဆောင်သူအနေနဲ့ တာဝန်ယူထားတာပါ။ အဲဒီကဏ္ဍသုံးခုက စိုက်ပျိုးရေး၊ စွမ်းအင်၊ စက်မှုဆိုတဲ့ ကဏ္ဍတို့ပါပဲ။

အာဆီယံအဖွဲ့အတွင်း CLMV အဖွဲ့ဝင်နိုင်ငံများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချရေး၊ CLMV နိုင်ငံများအတွင်း စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ဒေသခွဲနဲ့ ဒေသတွင်းဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးနဲ့ အာဆီယံပေါင်းစည်းရေး အစီအစဉ်ကို အထောက်အကူပြုနိုင်စေရေးတို့အတွက် ရည်ရွယ်ပြီး CLMV ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။

CLMV ထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်ကစပြီး တစ်နှစ်တစ်ကြိမ်ဆိုသလို အာဆီယံထိပ်သီးအစည်းအဝေးများနဲ့ ဆက်စပ်ကျင်းပလာခဲ့ပေမဲ့ ၂၀၀၈ ခုနှစ်မှ စလို့ CLMV ထိပ်သီးအစည်းအဝေးနဲ့ ACMECS ထိပ်သီးအစည်းအဝေးတို့ ပူးတွဲပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့တာပါ။ ဒီနှစ်မှာတော့ ၁၁ ကြိမ်မြောက်ထိကို ရောက်ရှိလာပါပြီ။ ၁၁ ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၇ ရက်မှာ မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ဆောင်ရွက်သွားမှာပါ။ ဒီနှစ် ထိပ်သီးအစည်းအဝေးအတွက် ခေါင်းစဉ်က "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့" ဆိုပြီး ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ CLMV ပူးပေါင်းဆောင်ရွက်မှုရဲ့ အနာဂတ်ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးပြီး ပူးတွဲကြေညာချက်တစ်ခုကို ထုတ်ပြန်သွားဖို့ ရှိတယ်လို့လဲ သိရပါတယ်။

ဒီ CLMV အဖွဲ့နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံက တင်သွင်းခဲ့တဲ့ စီမံကိန်းတွေ အများကြီးရှိပါတယ်။ ရှစ်ကြိမ်မြောက် အစည်းအဝေးမှာတုန်းက ဆိပ်ခံတံတားနဲ့ မြစ်ကမ်းပါး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ CLMV အဖွဲ့ဝင်နိုင်ငံများတွင် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် တာဝန်ရှိမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ စီမံကိန်း၊ ကုန်သွယ်မှု အဆင်ပြေချောမွေ့စေဖို့အတွက် စည်းမျဉ်းစည်းကမ်းများ ပြန်လည်သုံးသပ်ရေး စီမံကိန်း၊ စပါးမျိုး အရည်အသွေးထိန်းချုပ်မှု စနစ်အတွက် စွမ်းရည်မြှင့်မားစေရေး စီမံကိန်းတို့ ဖြစ်ပါတယ်။ ဒါ့ပြင် ၁၀ ကြိမ်မြောက် အစည်းအဝေးမှာဆိုရင်လဲ နယ်စပ်ဒေသမှာ အာဖရိကဝက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု တုံ့ပြန်ရေးနဲ့ ထိန်းချုပ်ရေးစီမံကိန်း၊ တာလေမြို့ရှောင်လမ်းပေါ်မှာ နမ်လင်းတံတားတည်ဆောက်ရေးစီမံကိန်း၊ CLMV နိုင်ငံများကြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ လေ့ကျင့်ရေးနှင့် သုတေသနဌာနစီမံကိန်း၊ ထိုင်းနိုင်ငံမှ တစ်ဆင့် လာအိုနှင့်မြန်မာနိုင်ငံတို့ကြား LIMEC ဆက်သွယ်ရေး လမ်းကြောင်းဖြစ်တန်စွမ်းလေ့လာရေး စီမံကိန်းတို့ကို အဆိုပြုတင်သွင်းခဲ့ပါတယ်။

CLMV အဖွဲ့ဝင်နိုင်ငံများရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ဒေသတွင်းမှာ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်မှုအတွက် အလွန်ကိုပဲ အရေးပါပါတယ်။ ဒီလိုမျိုး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လိုနယ်ပယ်တွေမှာ တိုးတက်မှုတွေ ရှိလာလဲဆိုရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့မှာ တိုးတက်မှုတွေ ရှိလာတာပါ။

စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာဆိုရင် CLMV နိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ၂၀၁၀ ပြည့်နှစ်မှာ ရှစ်ရာခိုင်နှုန်းမှ ၂၀၁၆ ခုနှစ်မှာ ၁၂ ရာခိုင်နှုန်းထိ တိုးတက်လာတာ တွေ့ရပါတယ်။ ၂၀၂၃ ခုနှစ်အတွက် CLMV အဖွဲ့ရဲ့ကုန်သွယ်မှုပမာဏက အမေရိကန်ဒေါ်လာ ၇၆၈ ဒသမ ၉ ဘီလီယံထိ ရောက်ရှိခဲ့ပြီး ဒီပမာဏဟာ အာဆီယံအဖွဲ့တစ်ခုလုံးရဲ့ ကုန်သွယ်မှုပမာဏအနက် ၂၁ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်လို့ စက်တင်ဘာ ၁၈ ရက်မှာ ကျင်းပခဲ့တဲ့ ၁၆ ကြိမ်မြောက် CLMV စီးပွားရေးဝန်ကြီးများအစည်းအဝေးထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

ဒါ့ပြင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုရင်လဲ ၂၀၂၂ ခုနှစ်ကနေ ၂၀၂၃ ခုနှစ်အတွင်း ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာပါတယ်။ အဲဒီထဲမှာမှ လာအိုနိုင်ငံရဲ့ တိုးတက်မှုဟာ ၁၈၀ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ငွေကြေးပမာဏအားဖြင့်တော့ ဗီယက်နမ်နိုင်ငံက ဒေါ်လာ ၁၈ ဒသမ ၅ ဘီလီယံနဲ့ အမြင့်ဆုံးမှာ ရှိပါတယ်။

စီးပွားရေးဝန်ကြီးများအစည်းအဝေးမှာ CLMV လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၅-၂၀၂၆ ကို သတ်မှတ်ပြဋ္ဌာန်းလိုက်ပါသေးတယ်။ အဲဒီအစီအစဉ်မှာတော့ နယ်ပယ်ခြောက်ခု စုပေါင်းပါဝင်နေပါတယ်။ အဲဒါတွေက ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဒေသတွင်း ကတိကဝတ်များကို အကောင်အထည်ဖော်ရေး၊ ကပ်ရောဂါပြန်လည်ထူထောင်ရေး အစီအစဉ်၊ CLMV ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်ကို အကောင်အထည်ဖော်ရေးအစီအစဉ်နဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တို့ပါပဲ။

အခုဆိုရင် မကြာခင်မှာ ၁၁ ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို ကျင်းပသွားဖို့ ရှိနေပါတယ်။ ဒီအစည်းအဝေးမှာလဲ အဖွဲ့ဝင်နိုင်ငံတွေကြား ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီး လုပ်ငန်းအစီအစဉ်တွေ အကောင်အထည်ဖော်ဖို့အတွက် ဆွေးနွေးသွားကြမှာပါ။ ဒီလိုဆွေးနွေးမှုတွေနဲ့အတူ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများမှ တစ်ဆင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီတော့ ကျွန်တော့်အနေနဲ့ အထက်မှာပြောခဲ့တဲ့ ကလျာဏမိတ္တဆိုတဲ့စကားကို ပြန်ဆက်ရရင် CLMV အဖွဲ့ဆိုတာ ကိုယ်တိုင်လဲ မိတ်ကောင်းဆွေကောင်း ဖြစ်ပေးဖို့ ကြိုးစားကြသလို ကလျာဏမိတ္တကို ရှာဖွေပေါင်းသင်းဖို့ ဆန္ဒပြင်းပြကြသူများ ဖြစ်တာကို တွေ့ရပါတယ်။

ဒါကြောင့် ကလျာဏမိတ္တဆိုတာ လောကကောင်းကျိုးအတွက် မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်တာနဲ့အညီ CLMV အဖွဲ့ဝင်နိုင်ငံတွေဟာလဲ တစ်ဦးနဲ့ တစ်ဦး မိတ်ကောင်းဆွေကောင်းများအဖြစ် ပေါင်းသင်းဆက်ဆံခြင်းဖြင့် ကလျာဏမိတ္တကို အကြောင်းပြုလို့ စည်းလုံးညီညွတ်မှုနဲ့အတူ သာယာဝပြောသော အသိုက်အဝန်းဆီသို့ ဆက်လက်လျှောက်လှမ်းသွားကြနိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါတယ်။

**ထက်မြတ်**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပါကစ္စတန်က Chaiseri First Win သံချပ်ကာယာဉ် အစီးရေ ၁၀၀ ဝယ်ယူရန် ထိုင်းနိုင်ငံနှင့် လက်မှတ်ရေးထိုး



ပါကစ္စတန်နိုင်ငံသည် Chaiseri First Win သံချပ်ကာယာဉ် အစီးရေ ၁၀၀ ကို ဝယ်ယူရန် ထိုင်းအစိုးရနှင့် နားလည်မှုစာချွန်လွှာတစ်ရပ်(MoU) လက်မှတ်ရေးထိုးခဲ့ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Chaiseri First Win သံချပ်ကာယာဉ်များသည် ချုံခိုတိုက်ခိုက်ခြင်းနှင့် ဖောက်ခွဲရေးပစ္စည်းများ၊ မိုင်းများကိုအကာအကွယ်ပေးနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အဆိုပါယာဉ်များသည် စိန်ခေါ်မှုများသော ပတ်ဝန်းကျင်အခြေအနေများတွင် ပါကစ္စတန်စစ်ဘက်၏ စစ်ဆင်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန်စီစဉ်ထားပြီး ထိုင်းနှင့် ပါကစ္စတန်နိုင်ငံတို့ကြား ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသော ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်။

ထိုင်းဘုရင့်တပ်မတော်အတွက် Chaiseri ကုမ္ပဏီမှ ၂၀၁၀ ပြည့်နှစ်တွင် စတင်တီထွင်ထုတ်လုပ်ခဲ့သော First Win မိုင်းဒဏ်ခံယာဉ်သည် မလေးရှားနှင့် အင်ဒိုနီးရှားကဲ့သို့သော နိုင်ငံများတွင် တပ်ဖြန့်အသုံးပြုနေပြီဖြစ်သော စွယ်စုံရ သံချပ်ကာယာဉ် အမျိုးအစားဖြစ်သည်။ အရှေ့ဘက်ဟိမဝန္တာတောင်တန်းရှိ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးရည်မှန်းချက်တာဝန်များအတွက်လည်း အသုံးပြုလျက်ရှိသည်။ ယခုနှစ်တွင် ထိုင်းကာကွယ်ရေးစက်မှုလုပ်ငန်း၏ CEO နှင့် Chaiseri ၏ ဒုတိယဥက္ကဋ္ဌ Nopparat Kulhiran တို့က ဖိလစ်ပိုင်နိုင်ငံသည် အစီးရေ ၉၀၀ ထိ ဝယ်ယူရန်စဉ်းစားနေကြောင်း အတည်ပြုပြောကြားခဲ့ပြီး ဒေသတွင်းစိတ်ဝင်စားမှုများရရှိထားကြောင်း သိရသည်။

First Win သံချပ်ကာယာဉ်တွင် ပေါက်ကွဲမှုများသက်ရောက်မှုကို ရှောင်လွှဲနိုင်ရန် V ပုံသဏ္ဍာန်ကိုယ်ထည် တည်ဆောက်ထားသည်။ မျိုးကွဲများပေါ်မူတည်၍ ၎င်းသည် အရှည် ၆ ဒသမ ၅ မီတာထိရှည်ပြီး အလေးချိန် ၁၂ ဒသမ ၅ တန်ရှိသည်။ NATO အဖွဲ့၏ သံချပ်ကာစံနှုန်းအတိုင်း တည်ဆောက်ထားပြီး လက်ပစ်ဗုံးဒဏ်နှင့် အမြောက်ကျည်ပစ်ခတ်မှုများကို ၁၅၅ မမ ထိ ခံနိုင်ရည်ရှိသည်။ အခြေခံကနဦးမော်ဒယ်တွင် အကြီးစားစက်သေနတ်များနှင့် အော်တိုမက်တစ်ဗုံးပစ်လောင်ချာများ တပ်ဆင်ပေးထားပြီး တပ်ဖွဲ့ဝင် ၁၀ ဦးထိ သယ်ယူပို့ဆောင်နိုင်ကာ ယုံကြည်စိတ်ချရမှုမြင့်မားကောင်းမွန်သော ယာဉ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

ရပ်တည်ရှင်သန်နိုင်စွမ်းမြင့်မားကောင်းမွန်စေရန် First Win 2 သံချပ်ကာယာဉ်တွင် ၃၆၀ ဒီဂရီပတ်လည်ပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်စေမည့် Gyroscopic ဆုံလည်အထိုင်တွင် အဝေးထိန်းလက်နက်တပ်ဆင်ခန်းတစ်ခုပါရှိသည်။ ၎င်းတွင် အပူအာရုံခံကိရိယာ၊ နေ့ဘက်သုံးကင်မရာများနှင့်အတူ Electro-optical အာရုံခံစနစ်တစ်စုံအပြင် လေဆာအကွာအဝေးရှာကိရိယာတို့ပါရှိပြီး နေ့ရောညပါ အသုံးပြုနိုင်စွမ်းရှိမည်ဖြစ်သည်။

ယခုဝယ်ယူမှုသည် ပါကစ္စတန်နိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းအတွက် မဟာဗျူဟာမြောက်တိုးတက်မှုတစ်ခုဖြစ်စေခဲ့သည်။ Islamabad မြို့ရှိ ထိုင်းနိုင်ငံမှ လက်ထောက်စစ်သံမှူး ဗိုလ်မှူးကြီး Thanai Phyemphun နှင့် HIT ကုမ္ပဏီ၏ နည်းပညာ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Atique Ahmed အပါအဝင် နှစ်နိုင်ငံမှ အကြီးတန်းအရာရှိများက လက်မှတ်ရေးထိုးခဲ့ကြသည့် အဆိုပါသဘောတူညီချက်သည် ထိုင်းစစ်ဘက်နည်းပညာကို အသုံးပြုရန် ပါကစ္စတန်နိုင်ငံ၏ စိတ်ပါဝင်စားမှုကို တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

**Pakistan Enters into an Agreement with Thailand for 100 Chaiseri First Win MRAP Vehicles. ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယလေတပ်က တိုက်လေယာဉ် ၁၁၄ စင်း ဝယ်ယူရေးတင်ဒါကို အသစ်ပြန်လည်ထုတ်ပြန်ရန် စီစဉ်နေ



အိန္ဒိယလေတပ်(IAF)သည် အလယ်အလတ်တန်းစားတိုက်လေယာဉ်(MRFA) ၁၁၄ စင်းဝယ်ယူရေး အိတ်ဖွင့်တင်ဒါတစ်ရပ်ကို အသစ်ပြန်လည်ထုတ်ပြန်ရန် စီစဉ်လျက်ရှိကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မူလဝယ်ယူရေး ပြိုင်ဆိုင်မှုအောက်တွင် IAF အတွက် လေယာဉ် ၁၂၆ စင်း ဝယ်ယူမှုနှင့်ပတ်သက်၍ Rafale တိုက်လေယာဉ်ထုတ်လုပ်သူ Dassault ကုမ္ပဏီနှင့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သဖြင့် သဘောတူညီမှုများဖျက်သိမ်းရန် ရည်ရွယ်၍ အလယ်အလတ်တန်းစားတိုက်လေယာဉ်ဝယ်ယူရေး လုပ်ငန်းစဉ်စတင်ရန် အစပျိုးလာခဲ့ခြင်းဖြစ်သည်။ ဝယ်ယူရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ လိုအပ်သည်ထက် ပိုမိုကြာမြင့်ခဲ့ပြီး နောက်ဆုံးတွင် သဘောတူညီချက်ဖျက်သိမ်းခဲ့သည်ထိ ဖြစ်ခဲ့ရသည်။

အိန္ဒိယအစိုးရသည် ၂၀၁၈ ခုနှစ်တွင် MRFA အတွက် အဆိုပြုလွှာများကို ထုတ်ပြန်ခဲ့သည်။ Boeing၊ Dassault၊ Eurofighter လုပ်ငန်းစု၊ Lockheed Martin၊ Mikoyan နှင့် Saab စသည့်ကုမ္ပဏီခြောက်ခုထံမှ တုံ့ပြန်မှုရရှိခဲ့ပြီးလည်းဖြစ်သည်။ ကုမ္ပဏီအများစုသည် MMRCA တင်ဒါပြိုင်ပွဲတွင် ပါဝင်ခဲ့ပြီး ဥရောပထုတ် Eurofighter တိုင်ဖွန်းတိုက်လေယာဉ်ကို ဈေးနှုန်းအားသာချက်ဖြင့် Rafale တိုက်လေယာဉ်က တင်ဒါအောင်မြင်ခဲ့သည်။ ထို့ပြင် နောက်ပိုင်းတွင် Rafale တိုက်လေယာဉ်၏ ရေတပ်သုံးဗားရှင်းကိုလည်း အိန္ဒိယရေတပ်ရှိ လေယာဉ်တင်သင်္ဘောနှစ်စီးအတွက် သက်တမ်းကြာမြင့်နေပြီဖြစ်သော MiG-29 တိုက်လေယာဉ်များနေရာတွင် အစားထိုးရန်အတွက်လည်း ရွေးချယ်ခဲ့သေးကြောင်း သိရသည်။

MMRCA တင်ဒါပြိုင်ပွဲကြီးတွင် Boeing ကုမ္ပဏီထုတ် F/A-18E/F Super Hornet၊ ပြင်သစ်နိုင်ငံ Dassault ကုမ္ပဏီထုတ် Rafale၊ ဥရောပ Eurofighter Typhoon၊ Saabကုမ္ပဏီထုတ် Gripen၊ ရုရှားနိုင်ငံထုတ် Mikoyan MiG-35 နှင့် အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီထုတ် F-16 တိုက်လေယာဉ်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ နောက်ထပ်ယှဉ်ပြိုင်မှုအသစ်အတွက် Lockheed Martinကုမ္ပဏီသည် F-16 တိုက်လေယာဉ်ကို အိန္ဒိယနိုင်ငံအတွက် သီးသန့်ရည်ရွယ်ထားသော F-21 ဖြင့် အစားထိုးခဲ့ပြီး Boeing ကုမ္ပဏီသည် F-15EX ပုံစံဖြင့် နောက်ထပ်ရွေးချယ်နိုင်ရန် အဆိုပြုထားသည်။

အိန္ဒိယနိုင်ငံသည် ဝယ်ယူရေးလုပ်ငန်းစဉ်ကို အသစ်ပြန်လည်စတင်ရန် နည်းလမ်းရှာကြိုးပမ်းနေရသည့် နောက်ထပ်အကြောင်းရင်းတစ်ခုမှာ အခြားနိုင်ငံများမှ အမှာစာများ များပြားနေခြင်းကြောင့် Dassault ကုမ္ပဏီသည် Rafale တိုက်လေယာဉ်ကို အိန္ဒိယနိုင်ငံမှ အလိုရှိသော အချိန် အတိုင်းအတာအတွင်း ပံ့ပိုးပေးနိုင်ခြင်းမရှိသောကြောင့်ဖြစ်ကြောင်း Asian News International သတင်းဌာန၏ ရေးသားချက်များအရ သိရသည်။

Rafale တိုက်လေယာဉ်၏ ဝယ်ယူရေးအမှာစာအရ Dassault ကုမ္ပဏီသည် အိန္ဒိယနိုင်ငံသို့ အနည်းဆုံး ၁၀ နှစ်ကျော်မှသာ လေယာဉ်များကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။


တစ်ချိန်တည်းတွင် အိန္ဒိယအစိုးရသည် ပြည်တွင်းလုပ်ဖော်ကိုင်ဖက်ကုမ္ပဏီတစ်ခုနှင့်ဖက်စပ်ပူးပေါင်းကာ အိန္ဒိယလေတပ်အတွက် လေယာဉ်များကို အပြည့်အဝထုတ်လုပ်နိုင်စေရေး လိုအပ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းအကောင်အထည်ဖော်ရန် စဉ်းစားလျက်ရှိကြောင်း The New Indian Express သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဝယ်ယူရေးများတွင် သဘောတူညီချက်မှုတစ်စိတ်တစ်ပိုင်းအဖြစ် လေယာဉ်အစိတ်အပိုင်းများကို အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်နိုင်နေပြီလည်းဖြစ်သည်။ သို့သော် အပြည့်အဝလေယာဉ်တစ်စင်းလုံး ထုတ်လုပ်နိုင်မှသာ သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထိုသို့လုပ်နိုင်ရန်မှာ နည်းပညာလွှဲပြောင်းလက်ခံမှုဆောင်ရွက်ခွင့်ရရှိရေး လိုအပ်မည်ဖြစ်ပြီး ပြင်သစ်နိုင်ငံ Dassault ကုမ္ပဏီအနေဖြင့် ထိုအချက်ကို လုပ်ဆောင်လိုခြင်းမရှိကြောင်းလည်း သိရသည်။

**Indian Air Force Looks to Issue Fresh Procurement Tender for 114 Jets ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing holds talks with PRC Prime Minister H.E. Mr. Li Qiang, attends welcoming dinner



Senior General Min Aung Hlaing holds talks with PRC Prime Minister H.E. Mr. Li Qiang.

**Nay Pyi Taw November 6**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing who is in the People's Republic of China to attend summits at the invitation of PRC government met Prime Minister of PRC H.E. Mr. Li Qiang and party at Haigeng Garden Hotel in Kunming this afternoon.

First, the Senior General was warmly greeted by the PRC Prime Minister, and a documentary photo session then followed.

At the meeting, the Chinese Prime Minister extended a warm welcome to His Excellency the Senior General and delegation. China and Myanmar, which share a common border where forests and hills of both countries are touching one another, have established deep Paukphaw relationship. Together, the two countries have overcome all political changes and challenges through strong bonds of relationship, and will further promote bilateral friendship and cooperation.

In his discussions, the Senior General thanked the Chinese government and officials for their hospitality towards the Myanmar delegation during the visit. He expressed pleasure and honor for the successful holding of the ceremony marking the 75th founding anniversary of PRC and the 3rd Plenary Session of the 20th Central Committee of Chinese Communist Party. He then expressed belief that the meeting will serve as a platform for discussing the existing bilateral friendship and cooperation based on Paukphaw kinship and for establishing a closer bilateral cooperation not only between the two countries but also in regional and international areas.

Myanmar would like to seriously reiterate that it has supported the one-China policy because China has been able to implement the policy successfully since the establishment of the PRC for more than 70 years and it is an important policy for China. Myanmar would like to thank China especially for its assistance for Myanmar in the aftermath of Typhoon Yagi. Among the 52 countries that have invested in Myanmar, China is the second largest investor and special emphasis has been placed on safety and security of Chinese investments, projects and its citizens. Economic and technological assistance, cooperation and energy security for the development of Myanmar will be coordinated. The new Muse-Mandalay-Kyaukphyu railroad project will be implemented in possible areas depending on the situation of the areas. For the economic development of Myanmar, I held meetings with Chinese investors in Myanmar and those who want to invest in Myanmar during my visit to Kunming and it was found that there were dynamic visions and willingness for cooperation. Myanmar will take necessary measures to offer assistance for cooperation. Under the China-Myanmar Economic Cooperation Corridor project, Myanmar has placed emphasis on implementation of the project. And negotiations were held for detailed arrangements for agriculture, sports, health and rural development sectors.

In the peace sector, the Myanma Tatmadaw has declared a unilateral ceasefire since 2018 and has been implementing the peace process. During the ceasefire, the Tatmadaw responded to the attacks only when they were launched by armed groups. The MNDAA, the TNLA and the AA insurgent groups rejected the peace offer of the government of Myanmar issued in April, 2022 and the MNDAA launched attacks on Tatmadaw security posts and Chinshwehaw in border areas in Northern Shan State with the use of force on 27 October, 2023 with the aim of reviving their special region (1). A peace deal was reached thanks to mediation of the government of China but they continued to attack villages and towns in violation of the deal. If they actually want peace, we have always opened the peace door and are ready to hold negotiations. Armed terrorists are required to give priority to things that should be instead of what they want to be. Only when the MNDAA, TNLA and the AA show clear-cut actions that express desire for peace, will we be able to start negotiations. Stability and development of border areas is very important for regional and national development and only when stability has been restored, can economic and trade cooperation be enhanced. Therefore, it is necessary to combat illegal activities and illicit trade, which have supported armed groups in border areas. To promote trade, border trade is essential and Yuan-Kyat direct trade between China and Myanmar is being implemented.

Then, the Chinese premier said China will fully support and offer assistance for internal stability of Myanmar and will stand with it as a good neighbourly country forever. It is praiseworthy that the Myanmar government has invited armed groups to resolve armed conflicts politically without resorting to violent means. China has supported the five-point roadmap adopted by the SAC and it is hoped that China will be able to offer assistance for successfully holding elections in Myanmar. Stability of northern Myanmar is important and it is reiterated that China recognizes the sovereignty and territorial integrity of Myanmar. China will never accept activities that will damage the interests of Myanmar by taking a foothold in China. Border gates must be under the control of governments and further measures will be taken to fully control them. Further negotiations will be held to develop China-Myanmar relations and political trust. As the China-Myanmar Economic Corridor is a flagship project, implementation of the project will be accelerated. For strengthening of friendship between the peoples of the two countries, cooperation in multiple arenas will be stepped up in the diamond jubilee of diplomatic relations between the two countries. As Myanmar affairs are issues of a neighbor of China, China will stand with Myanmar in the international arena.

Afterward, a ceremony to exchange memoranda of understanding and agreements between the PRC and Myanmar was held and seven MOUs and agreements including the exchange of land lease agreements between the Myanmar consulate in Kunming and Chinese consulate in Mandalay, agreements on projects for upgrading training schools and chemical standards for agricultural products and plant diseased prevention, the MOU on cooperation in precise measurement technologies, the MOU between the Standardization Administration of China and the Department of Research and Innovation of Myanmar, the MOU on sports promotion were signed and exchanged by responsible officials from the two countries in witness of the Senior General and the Chinese premier.

After the meeting, the Senior General and the Chinese premier warmly greeted officials from the two countries who attended the meeting.


In the evening, the Senior General attended the dinner hosted for heads of state who will attend the 8th Greater Mekong Subregion Economic Cooperation Program (GMS) Summit by the Chinese premier at the Kunming Intercontinental Hotel together with the heads of state.

First, the Senior General and heads of state were welcomed by officials from the People's Republic of China. Then, the Chinese premier extended greetings.


Then, the Senior General and heads of state enjoyed dinner together while Chinese cultural troupes were performing traditional dances and music.

100

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing meets PMs who are going to attend Summits that will be held in Kunming, PRC



Senior General Min Aung Hlaing meets Cambodian Prime Minister H.E. Mr. Hun Manet and party.



Senior General Min Aung Hlaing meets Lao Prime Minister H.E. Mr. Sonexay Siphandone.

**Nay Pyi Taw November 6**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing today held talks with prime ministers who were going to attend summits including the 8th Greater Mekong Subregion Economic Cooperation Program (GMS) Summit that will be held in Kunming, PRC.

This morning, Senior General met Cambodian Prime Minister H.E. Mr. Hun Manet and party at Green Lake Hotel and Lao Prime Minister H.E. Mr. Sonexay Siphandone and party at Hualuxe Kunming Hotel at separate meetings.

At the meetings views on promotion of friendship and cooperation between Myanmar and Cambodia and Laos, political changes in Myanmar and latest developments, undertakings to hold and free and fair multiparty general elections, Myanmar's best efforts for cooperation in ASEAN, situation of Myanmar's participation in ASEAN summits, the requirement of a peaceful means in addressing Myanmar's problems and utmost assistance to be provided by Cambodia and Laos, matters relating to friendship and diplomatic relations between Myanmar and Cambodia and Laos, bilateral promotion of trade, investments, tourism, social sectors and cultural sectors were cordially exchanged.

The meetings concluded with the cordial greeting sessions between the Senior General and the PMs of Cambodia and Laos and attendees. 100

# Local merchants supply 68,000 viss of crabs to Yangon market in October

**Kyaiklat November 6**

Local fishermen and businesspersons from Kyaiklat Township of Ayeyawady Region sold 68,000 viss of crabs from natural water to Yangon market in October, said Daw Win Aye, the owner of fishery product trading in Kyaiklat Township.

They sold 45,000 viss of crabs to Yangon market in September, compared to 68,000 viss in October due to high demand from Yangon market.

Daw Win Aye commented: "Local merchants from Kyaiklat Township supply marine products including crabs to Yangon market. They sent 68,000 viss of crabs to Yangon market in October alone. These crabs were captured from natural water areas. Due to high demand from domestic and international markets, those who sell crabs and marine products are convenient in earning their incomes."

In Yangon market crabs fetch K96,000 per 10 viss. Thanks to high demand from Yangon market, all persons included in the production chain can earn incomes without difficulties.

Kyaw Kyaw Lin



Photo shows crabs to be shipped to Yangon.

# Trump wins in utterly divisive, costly U.S. election amid deep public concerns

**Washington November 6**

Multiple major U.S. media outlets projected on Wednesday that Republican presidential candidate Donald Trump has won enough Electoral College votes and will be the next president of the United States.

Earlier in the day, Trump took the stage at West Palm Beach County Convention Center in the U.S. state of Florida to speak to supporters and declare victory.

In the U.S. presidential election, the candidate who receives more than half of the 538 electoral votes wins the presidency. His Democratic opponent, U.S. Vice President Kamala Harris did not speak on election night at Howard University, her alma mater in Washington D.C..

Alongside the presidential race, several U.S. media outlets projected that the Republican Party would regain control of the U.S. Senate early Wednesday after flipping two seats from the Democratic Party.

The election, widely regarded as one of the most divisive in American history, has caused deep concern among voters. According to an annual survey conducted by the American Psychological Association, 77 percent of U.S. adults said the future of the nation was a significant source of stress in their lives. Additionally, 74 percent said they were worried that the election results could lead to violence.

Xinhua

# Lebanon renews call for ceasefire, submits complaint to UN Security Council over Israel's attacks

**Beirut November 6**

Lebanon on Wednesday renewed its call for a ceasefire and submitted a new complaint to the UN Security Council regarding Israel's attacks on the country.

The ongoing and escalating Israeli attacks against Lebanon have turned into "crimes" against humanity and civilization and a violation of all international charters and laws, Lebanese Prime Minister Najib Mikati said at a cabinet meeting, according to a statement released by the Lebanese Council of Ministers.

"Our position and decision are to preserve Lebanon's dignity and to ensure respect for national sovereignty by air, sea, land, and international resolutions; we will not tolerate any breach or attack," he said.

Mikati emphasized the need to stop the war, fully implement UN Resolution 1701, and elect a new president so that the country could start with the reconstruction process.

Meanwhile, the Lebanese Ministry of Foreign Affairs and Emigrants submitted a new complaint to the UN Security Council regarding Israel's attacks on Lebanon.

A statement released by the ministry said that in the new complaint, Lebanon condemned Israel's continued aggression against it, the violation of its sovereignty, the ground incursion into its territory, the committing of more "massacres," and the continuous and systematic destruction of border villages.

Xinhua

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets Myanmar consulate staff families and scholarship students in Kunming


Senior General Min Aung Hlaing meets Myanmar consulate staff families and scholarship students in Kunming.

**Nay Pyi Taw November 6**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is currently in Kunming, People's Republic of China, met with staff families of the Myanmar Consul General's Office and Myanmar scholarship students in Kunming this morning and delivered a speech.

Firstly, the families of the consulate staff warmly welcomed the Senior General, and his delegation. Following that, Consul General U Thwin Htet Lin and the staff provided updates on their responsibilities, while the scholarship students shared their learning progress.


Senior General Min Aung Hlaing presents gifts for Myanmar consulate staff families and scholarship students in Kunming.

In his speech, the Senior General stated that his visit to attend the 8th Mekong-Lancang Cooperation Leaders' Meeting and other meetings was by invitation of the Chinese government. He said the purpose of meeting with the staff working abroad was to address any needs they may have. He encouraged them to support each other as they collectively represent the country overseas, urging everyone to carry out their duties diligently. He stressed the importance of learning from the host country's history, culture, and development to aid in Myanmar's own progress. For national development, he noted the significant role of economic growth and encouraged collaborative efforts through diplomatic relations to create opportunities in mutual economic ventures and import-export businesses. He emphasized that building good relationships is crucial for the success of diplomatic tasks.

He further highlighted the importance of diplomatic relations between nations, urging consulate staff to carry out their roles responsibly to enhance Myanmar's political, economic, and national interests while elevating the nation's reputation. He advised them to understand the distinction between political duties and national interests and work from their expertise for the benefit of the country. For scholarship students, both military and civilian, he emphasized focusing on their studies and continuing to learn rigorously. He briefed them on the country's ongoing efforts toward political reforms, ensuring a stable multi-party democracy, and promoting an authentic democratic system. He also discussed the current state of preparations for holding free and fair multi-party democracy general elections.


Senior General Min Aung Hlaing presents gifts for Myanmar consulate staff families and scholarship students in Kunming.

Following this, the Senior General presented gifts and financial support to the families of the consulate staff and to Myanmar military and civilian scholarship students across China. The Myanmar Ambassador to China, military attaché (Army, Navy, and Air), Consul General in Kunming, and the students received these gifts.

Later, the Senior General toured the Consulate General's Office,, and took a documentary group photo taken with the consulate staff and scholarship students.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 69th Anniversary of Kayin State Day (7 November 2024)

**Esteemed ethnic national brethren from Kayin State,**

I extend my greetings to all ethnic national brethren of Kayin State and the Union with my best wishes for all to be physical and mental well-being on the occasion of the 69th Anniversary of Kayin State Day, today.

The Republic of the Union of Myanmar is a sovereign nation which has been possessing own culture, literature and languages over the years. Historical evidences firmly show that all national brethren have been residing in all parts of the nation in unison.

Kayin ethnics have been living in Kayin State together with other ethnics in fraternity since yore. In 1885, our country lost its independence and fell under the colonial rule. After losing the independence, all ethnic nationalities residing in various parts of the Union unitedly fought colonialists and fascists with patriotic spirit and anti-slavery activities and regained independence. After that, regions and states were established, and it was initiated to set the areas where most of the Kayin ethnics reside were designated as the Kayin State.

According to the 1951 Constitutional Amendment Act No 62, Papun region of Thanlwin District was designated as the Kayin State. Moreover, Kya-in Seiikkyi, Kawkareik, Hlaingbwe, Hpa-an and Thandaunggyi townships, totalling six townships, close to Thanlwin District were added into the Kayin State as the second phase in accord with the 1952 Kayin State Expansion Act No 14. On 1 March 1960, Myawady town was set as a township and then it was added into the Kayin State as the seventh township.

The day when the Kayin State was designated on 7 November 1955 when the 1951 Constitutional Amendment Act was enacted was marked as the Kayin State Day. The yearly celebration of the significant day is held on a grand scale, and today's occasion is the 69th time. The Kayin State formed with seven townships in four districts was reconstituted with six districts with upgrading Kya-in Seikkyi and Thandaunggyi townships as districts in the time of current government with the aim of effectively initiating political, economic and social development activities.

Kayin ethnics are living in the Kayin State together with Shan, Pa-O, Bamar, Mon and others amicably and peacefully. Kayin State blessed with favourable weather and natural resources such as rivers and creeks, waterfalls and streams, high mountain ranges and lush and green forests is located in the southeast of the country. In addition, the natural beauty of Mount Zwegabin is a great landmark of Kayin State. Moreover, Kayin State possesses ancient cultural heritage such as stupas and temples, wonderfully natural caves and lovely traditional culture. Kayin don dance which is an active dance of Kayin ethnics is the most significant together with sounds of the frog drum at Mount Zwegabin not only at home but abroad.

After the country had regained independence, the divide-and-rule administration of colonialists sparked armed conflicts in Kayin State due to misunderstanding among ethnic national brethren. Consequently, Kayin State experienced a period without stability and peace. Later, a ceasefire agreement was signed for ensuring stability of the region with internal peace and peaceful results which are actual essence of the State. As all emphasized the agreements mentioned in the Nationwide Ceasefire Agreement-NCA, ethnic armed organizations signed the NCA and are implementing the provisions of the NCA together. As different political attitudes the State face today are being resolved through armed struggle line, fighting and terror acts, residents from relevant regions are experiencing various difficulties. I would like to urge all stakeholders to follow the provisions of NCA by seeking the solutions through dialogues.

Currently, the government is striving to fully foster peace and stability and rule of law across the Union and pouring out utmost efforts for development amid difficulties. Moreover, the government is carrying out the tasks accord with the Roadmap including "Emphasis will be placed on ensuring peace and stability and the full rule of law across the whole Union, and on successfully conducting a free and fair multiparty democratic general election."

Moreover, efforts are being made to forge durable peace for the entire nation, ensure peace and stability and rule of law, strengthen a genuine, disciplined multiparty democratic system and build the Union based on democracy and federalism in accord with the political objectives so as to hold a free and fair multiparty democratic general election aligned with Myanmar. As such, I would like to deeply urge ethnic people from regions and states in order to ensure peace and stability of the country with overall development.

**Esteemed ethnic national brethren from Kayin State,**

The government is undertaking education, health, rule of law and development of road transport concerning with the economic sector for development of the State economy. In the economic sector, internal and external trade are being initiated through maritime trade route as well as land borders including Kayin State. Although trade secures development based on figures, illegal trade is being committed at border regions daily. So, the State economy cannot occupy achievement as expected. Due to unacceptable charges and costs along the route to the border trade, prices of commodities can rise. As such, as supervision is being conducted to ease restrictions in trade route, resident ethnic people have to cooperate with the government in its measures.

In addition, agriculture and livestock breeding tasks are being encouraged primarily to have achievement in manufacturing and businesses in the State economic promotion measures. Efforts are being made to secure the target production in growing paddy. It is necessary to export rice compulsory in addition to local food security.

It is necessary to emphasize production process to develop micro, small and medium-sized enterprises. If these enterprises must be operated with technology to produce value-added products, it will contribute to development of the State economy. As MSMEs based on agriculture and livestock breeding farms are operated in all parts of Kayin State in addition to entire nation to improve socioeconomic life of ethnic people, other regional and state governments including Kayin State have to enhance the State economy.

Efforts to develop agriculture and livestock farming tasks can help greater operation of manufacturing and industries and then service sector. Hence, it can contribute to increase of State's GDP. As human resource plays a key role in systematically operating agriculture and livestock breeding farms, it is necessary to produce those with skills in agriculture and livestock measures. Hence, the education sector is being encouraged to have comprehensive education in order to turn out educated human resources essential for the State.

In an effort to develop the educations sector, 70 per cent of basic education schools have been reopened in entire nation, with attendance of 92 per cent of students. When the schools which were temporarily closed due to violent acts and natural disasters are reopened, extran schooling times are set for students with teaching to have actual school education. As the country is being shaped to become a Union based on democracy and federalism, people must have knowledge, techniques and correct ideology. Hence, entire people are urged to take part in the process of teaching all school-age children and nurturing youths to have five strengths and capabilities.

With regard to the health sector, health staff, departmental personnel and ethnic people overcome difficulties and crises based on COVID-19 pandemic and natural disasters through collaborative efforts.

The government is striving for ensuring peace and stability of the State and development, while managing to enable individuals in good health condition, have knowledge and jobs for earning incomes and reduce poverty in order to improve basic socioeconomic life of citizens. Only when ethnic individuals have socioeconomic life will the country develop. So, I would like to urge all to implement visions in relevant sectors and regions in order to enhance socioeconomic life of individuals.


I deeply urge all ethnic people to join hands with the government in combatting instigations and terror acts of terrorist groups which are opposing the government without wishing to restore peace and stability of the State. The government firmly believes that it can overcome any crises and challenges which can fall on the State and national through patriotic spirit based on genuine Union spirit.

**Esteemed ethnic national brethren from Kayin State**,

Moreover, all ethnic national brethren residing in Kayin State have to strive for emergence of the Kayin State with more peace and prosperity. The strength of the nation lives within, and the strength of Kayin State is the collaborative efforts of national brethren residing in the state. At present, I would like to deeply urge all ethnic national brethren to make collective efforts for overcoming difficulties and challenges they face in order to strengthen a disciplined, multiparty democratic system and build a Union based on democracy and federalism the entire national people aspire to.

I send this message with the best wishes that may all ethnic people residing in Kayin State enjoy fruits of peace, prosperity and development of the region from the occasion of the 69th Anniversary of Kayin State Day to forthcoming years, and may they all have capabilities to unite the Kayin State through the unity and harmony within the peaceful, prosperous and developed Union.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲကို စတင်ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား မိမိတို့အနေဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တောတောင်ရေမြေချင်း ထိစပ်နေပြီး နက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးထူထောင်ခဲ့ကြပါကြောင်း၊ နိုင်ငံရေးအရ ပြောင်းလဲဖြစ်ပေါ်မှုများ၊ စိန်ခေါ်မှုများကို နှစ်နိုင်ငံအကြား ခိုင်မြဲသည့်ဆက်ဆံရေးဖြင့် အတူတကွ လက်တွဲကျော်ဖြတ်နိုင်ခဲ့ကြပြီး ဆက်လက်၍လည်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ယနေ့တွေ့ဆုံမှု၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေးနိုင်ကာ နှစ်နိုင်ငံအကြားသာမက ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့၌ ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်. . .**

**နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် စီးပွားရေး၊ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည်ဖြစ်. . .**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့်တာဝန်ရှိသူများအနေဖြင့် မိမိတို့ကိုယ်စားလှယ်အဖွဲ့၏ ယခုခရီးစဉ်အတွင်း ဧည့်ဝတ်ကျေပွန်စွာ စီစဉ်ဆောင်ရွက်ပေးမှုများအတွက်ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခြင်း (၇၅) နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် အကြိမ်(၂၀)မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးတို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် မိမိအနေဖြင့် ဝမ်းမြောက်စွာဂုဏ်ပြုပါကြောင်း၊ **ယနေ့တွေ့ဆုံမှု၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေးနိုင်ကာ နှစ်နိုင်ငံအကြားသာမက ဒေသတွင်းနှင့်နိုင်ငံတကာ မျက်နှာစာတို့၌ ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်** ပါကြောင်း၊ တရုတ်နိုင်ငံတည်ထောင်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း၌လည်း တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုအောင်မြင်စွာကျင့်သုံးနိုင်ခဲ့ပြီး တရုတ်နိုင်ငံအစိုးရအတွက် အလွန်အရေးကြီးသည့် မူဝါဒတစ်ရပ်ဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို အစဉ်အမြဲထောက်ခံနေမှုအား လေးနက်စွာ ထပ်လောင်းပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ရာဂိမုန်တိုင်းအရှိန်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် တရုတ်အနေဖြင့် ကူညီထောက်ပံ့ပေးခဲ့မှုများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံအနက်တရုတ်နိုင်ငံသည် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်၍ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများနှင့် နိုင်ငံသားများ၏ လုံခြုံဘေးကင်းရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် နည်းပညာအကူအညီများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ စွမ်းအင်ကဏ္ဍလုံခြုံရေးအတွက် ဆက်လက်ဆွေးနွေး ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူဆယ်-မန္တလေး- ကျောက်ဖြူ ရထားလမ်း သစ်ဖောက်လုပ်ရေးစီမံကိန်းအား နယ်မြေဒေသအခြေအနေအရ စတင်ဖောက်လုပ်နိုင်မည့်နေရာများ၌ လုပ်ငန်းစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိကူမင်းမြို့သို့ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသည့် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ၊ ဆောင်ရွက်လိုသူများနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခဲ့ရာ စီးပွားရေးအရ တက်ကြွသည့် အမြင်များနှင့်ထက်သန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို တွေ့မြင်ခဲ့ရကြောင်း၊** မြန်မာဘက်မှ လိုအပ်သောအကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းအရ စီးပွားရေးစင်္ကြံတည်ဆောက်မှုစီမံချက်အား မြန်မာဘက်မှ အလေးထား ဆောင်ရွက်နေကြောင်းဖြင့် ပြောကြားပြီး စိုက်ပျိုးရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ကျန်းမာရေးကဏ္ဍ၊ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍတို့တွင် လုပ်ဆောင်လိုသည့် အစီအမံများအား အသေးစိတ်ညှိနှိုင်းပြောကြားသည်။

ဆက်လက်ပြီး ငြိမ်းချမ်းရေးကဏ္ဍနှင့်ပတ်သက်၍ မြန်မာ့တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်ကတည်းကစတင်ကာ အပစ်အခတ်ရပ်စဲရေးကိုတစ်ဖက်သတ် ကြေညာခဲ့ပြီး ငြိမ်းချမ်းရေးကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ အပစ်အခတ်ရပ်စဲရေး ကြေညာထားသည့်ကာလအတွင်း လက်နက်ကိုင်အဖွဲ့များကတိုက်ခိုက်မှသာ တပ်မတော်မှတုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းများကိုဆောင်ရွက်

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၆**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျိုင်းတုံမြို့ ကျောင်းသား၊ ကျောင်းသူများက **“ပညာဘဏ်တိုက်စာကြည့်တိုက်သို့သွားကြစို့”** သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကျိုင်းတုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့်ကျောင်းသား၊ကျောင်းသူများနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းသား၊ကျောင်းသူများနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ၎င်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စာအုပ်စာစောင်များခင်းကျင်းပြသထားမှုနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျောင်းစာကြည့်တိုက်များသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang တို့၏ ရှေ့မှောက်၌ နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် ခုနစ်ခုကို နှစ်နိုင်ငံများမှ တာဝန်ရှိသူများက လဲလှယ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ခဲ့ကြောင်း၊ MNDAA၊ TNLA နှင့် AA သောင်းကျန်းသူအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအစိုးရ၏၂၀၂၂ ခုနှစ် ဧပြီလက ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကိုငြင်းပယ်ပြီး MNDAA အနေဖြင့် ၎င်းတို့၏အထူးဒေသ(၁)ပြန်လည်အသက်သွင်းနိုင်ရေး ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသတွင်ရှိသည့် တပ်မတော်လုံခြုံရေး တပ်စခန်းများနှင့် ချင်းရွှေဟော်မြို့ကို၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်၌ အင်အားသုံးစတင်တိုက်ခိုက်ခဲ့ကြောင်း၊ တရုတ်အစိုးရ၏ကြားဝင်စေ့စပ်မှုဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့သော်လည်း ၎င်းတို့အနေဖြင့် သဘောတူညီချက်ကိုချိုးဖောက်ကာ မြို့ရွာများကို ဆက်လက် တိုက်ပွဲဖော်ဆောင်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် **ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပါက မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ထားပြီး ဆွေးနွေးရန်အသင့်ရှိပါ**ကြောင်း၊ **လက်နက်ကိုင်အကြမ်းဖက်သမားများအနေဖြင့် ဖြစ်လိုသည်ကို ရှေ့တန်းတင်မည့်အစားဖြစ်သင့်သည်ကို လုပ်ဆောင်ကြရန်လို**ကြောင်း၊ **MNDAA၊ TNLA နှင့် AA အဖွဲ့သုံးဖွဲ့အနေဖြင့်** ငြိမ်းချမ်းရေးကိုလိုလားကြောင်း ရှင်းလင်းပြတ်သားသည့် လုပ်ဆောင်ချက်ပြသလာမှသာလျှင် မိမိတို့အနေဖြင့်ဆွေးနွေးမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ **နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် စီးပွားရေး၊** ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်နယ်စပ်ဒေသရှိ လက်နက်ကိုင်များ၏ အထောက်အပံ့များဖြစ်သည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရှင်းလင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးသည် အရေးပါပြီး တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ယွမ်-ကျပ် တိုက်ရိုက်ကုန်သွယ်မှုကိုလည်း ဖော်ဆောင်လျက်ရှိကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံအားပေးကူညီသွားမည်ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် ထာဝရရပ်တည်သွားမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို အကြမ်းဖက်သည့်နည်းဖြင့် ပြန်လည်မဖြေရှင်းဘဲ နိုင်ငံရေးအရဖြေရှင်းနိုင်ရေးဖိတ်ခေါ်ဆောင်ရွက်ခဲ့မှုများကိုလည်း ချီးကျူးမိပါကြောင်း၊ **တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံ၏ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း ဆန္ဒပြုကူညီနိုင်မည်ဖြစ်**ကြောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပြီး **တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုပါကြောင်းနှင့် တရုတ်နိုင်ငံအတွင်း အခြေပြု၍ မြန်မာနိုင်ငံ၏ အကျိုးကို ပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်သင့်ခံမည်မဟုတ်**ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဂိတ်များသည် အစိုးရ၏စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်ပြီး အပြည့်အဝစီမံခန့်ခွဲနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊တရုတ်-မြန်မာ ဆက်ဆံရေးနှင့် နိုင်ငံရေးအရ ယုံကြည်မှုများပိုမိုတိုးတက်လာစေရေး ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးသည် ထိပ်တန်းစီမံကိန်းဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် လာမည့် သံတမန်ဆက်ဆံမှု ၇၅ နှစ်စိန်ရတုကာလမှစ၍ နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံ၏အရေးသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအရေးပင်ဖြစ်သဖြင့် နိုင်ငံတကာမျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး ကူမင်းမြို့နှင့် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး မန္တလေးတို့အကြား မြေနေရာငှားရမ်းခြင်းစာချုပ်လဲလှယ်ခြင်း၊ သင်တန်းကျောင်းများအဆင့်မြှင့်တင်ခြင်းစီမံကိန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဓာတုဆိုင်ရာလိုအပ်ချက်များနှင့် အပင်ပိုးမွှား ရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူညီချက်၊ တိကျစွာတိုင်းတာခြင်း နည်းပညာပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်ရန်အတွက် နားလည်မှုစာချွန်လွှာ၊ တရုတ်နိုင်ငံ၏ စံချိန်စံညွှန်းသတ်မှတ်ရေးဆိုင်ရာ စီမံခန့်ခွဲရေးဌာန(SAC)နှင့် မြန်မာနိုင်ငံသုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန(DRI)တို့အကြား နားလည်မှုစာချွန်လွှာ၊ အားကစားကဏ္ဍမြှင့်တင်ရေးနားလည်မှုစာချွန်လွှာ စသည်တို့အပါအဝင် နားလည်မှုစာချွန်လွှာနှင့်သဘောတူစာချုပ် ခုနစ်ခုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ နှစ်နိုင်ငံများမှ တာဝန်ရှိသူများက လဲလှယ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Kunming Interconti-nental ဟိုတယ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး (8th Greater Mekong Sub-region Economic Cooperation Program (GMS)Summit) ကြိုဆိုညစာစားပွဲအခမ်းအနားသို့ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ကြမည့် နိုင်ငံများမှအကြီးအကဲများနှင့်အတူ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကြိုဆိုညစာစားပွဲကို ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများသည် ညစာကို အတူတကွသုံးဆောင်ကြရာ တရုတ်ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုပါကြောင်းနှင့် တရုတ်နိုင်ငံအတွင်း အခြေပြု၍ မြန်မာနိုင်ငံ၏အကျိုးကို ပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်သင့်ခံမည်မဟုတ်. . .**

**မြန်မာနိုင်ငံ၏အရေးသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအရေးပင်ဖြစ်သဖြင့် နိုင်ငံတကာမျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်. . .**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion Economic Cooperation Program (GMS)Summit) ကြိုဆိုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်သင်တန်းသားများကို သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များကို ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းနှင့် ဝန်ထမ်းများက တာဝန်ထမ်းဆောင်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ ပညာတော်သင် သင်တန်းသားများက သင်တန်းတက်ရောက်မှုဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် တရုတ်တစ်နိုင်ငံလုံးတွင် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား၊ သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အင်္ဂမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးနှင့် အခြားသော အစည်းအဝေးများကို တက်ရောက်ရန်ရောက်ရှိနေစဉ်အတွင်း နိုင်ငံတော်၏ တာဝန်များကို ရေခြား၊ မြေခြား၌ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို လိုအပ်သည်များမှာကြားနိုင်ရန်လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏ တာဝန်များကို အတူတကွလာရောက်ထမ်းဆောင်နေကြခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရသည့် နိုင်ငံ၏ သမိုင်းကြောင်းနှင့် အလေ့အထများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ခြည်မပြတ်လေ့လာ၍ လိုအပ်သည်များကို သင်ခန်းစာယူကာ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မည်ကဲ့သို့ဆောင်ရွက်နိုင်မည်ကို အဖြေရှာဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမောင်းနှင်အားသည် အဓိကကျသောကြောင့် နှစ်နိုင်ငံအကျိုးတူ စီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှတစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း၊ သံတမန်လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာ၌ ပေါင်းသင်းဆက်ဆံမှုကောင်းခြင်းသည် လုပ်ငန်းတာဝန်များ ပိုမိုအဆင်ပြေချောမွေ့စွာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံအချင်းချင်း ဆက်ဆံရာတွင် သံတမန်ဆက်ဆံရေးသည်များစွာအရေးပါသောကြောင့် ကောင်စစ်ဝန်ရုံးဝန်ထမ်းများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွားတိုးတက်လာစေရေး နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ရာ၌ နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်ကြရန်လိုပြီး မိမိတို့နိုင်ငံတော်၏ အကျိုးကို တတ်စွမ်းသည့်အပိုင်းမှ ဖော်ဆောင်သွားကြရန်လိုကြောင်း၊ ထို့ပြင် ပညာတော်သင် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားများ အနေဖြင့်လည်း သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထားသင်ယူသွားကြရန်လိုပြီး အမြဲမပြတ်လေ့လာအားထုတ်နေကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး နိုင်ငံတော်၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာမှုရှိစေရေးနှင့် စစ်မှန်ပြီးရိုးသားသည့် ဒီမိုကရေစီစနစ်ဖြစ်စေရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် တရုတ်တစ်နိုင်ငံလုံးတွင် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား၊ သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်ရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများ၊ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone တို့ တွေ့ဆုံဆွေးနွေးစဉ်။


☆ ကျောဖုံးမှအဆက်

ယနေ့နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E.Mr.Hun Manet နှင့် အဖွဲ့ဝင်များကို Green Lake ဟိုတယ်၌လည်းကောင်း၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandoneနှင့်အဖွဲ့ဝင်များကို HUALUXE Kunming ဟိုတယ်၌လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် လက်ရှိပကတိအခြေအနေများ၊ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊အာဆီယံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H. E. Mr.Hun Manet တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E.Mr.Hun Manet တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အာဆီယံအစည်းအဝေးများတွင် မြန်မာနိုင်ငံမှပါဝင်နိုင်မှုအခြေအနေများ၊မြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသည့်အခြေအနေများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် လိုအပ်သည့်အခြေအနေများနှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့မှလည်း အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ၊နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံ၊လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များသည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)


## ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများအားလုံး နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကြေညာချက်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံးကို နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို နိုဝင်ဘာ ၁၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန

လျှပ်စစ်မီတာခ
သက်သာဖို့
LED ပစ္စည်း
သုံးကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ကျရောက်သော (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများကို ပိုင်ဆိုင်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်ပါသည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးတို့သည် နိုင်ငံ၏နေရာဒေသအသီးသီးတွင် ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာယှဉ်တွဲ၍ စုပေါင်းနေထိုင်လာခဲ့ကြသည်ကို သမိုင်းအထောက်အထားများက ခိုင်မာစွာ သက်သေပြလျက်ရှိပါသည်။

ကရင်ပြည်နယ်တွင်လည်း ကရင်တိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ရှေးယခင်ကတည်းကပင် ချစ်ခင်ရင်းနှီးစွာ အတူတကွ နေထိုင်လာခဲ့ကြပါသည်။ ၁၈၈၅ ခုနှစ်တွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပါသည်။ ထိုသို့ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပြည်ထောင်စုကြီး၏ ဒေသအသီးသီးတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများသည် မျိုးချစ်စိတ်ဓာတ်၊ သူ့ကျွန်မခံလိုသည့် စိတ်ဓာတ်တို့ဖြင့် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို စည်းလုံးညီညွတ်စွာဖြင့် တွန်းလှန်တိုက်ထုတ်ခဲ့ကြပြီး လွတ်လပ်ရေးကို အတူတကွရယူခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များဖွဲ့စည်းတည်ထောင်ခဲ့ရာ ကရင်တိုင်းရင်းသားအများစု နေထိုင်သည့်ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ပေးရန် စတင်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက် အက်ဥပဒေအမှတ် ၆၂ အရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ယင်းနောက် ၁၉၅၂ ခုနှစ် ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေအမှတ် ၁၄ အရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသများဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲမြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခဲ့ပြီး ခြောက်မြို့နယ်ဖြင့်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် မတ် ၁ ရက်တွင် မြဝတီမြို့ကို မြို့နယ်တစ်ခုအဖြစ် သတ်မှတ်ခဲ့၍ စုစုပေါင်းမြို့နယ် ခုနစ်မြို့နယ်ဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ကရင်ပြည်နယ်ကို မွေးဖွားသန့်စင်သောနေ့ ဖြစ်သည့် ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၁၉၅၅ ခုနှစ် နိုဝင်ဘာ ၇ ရက်ကို ကရင်ပြည်နယ်နေ့ အဖြစ် ဂုဏ်ယူသတ်မှတ်ပြီး နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယနေ့ဆိုလျှင် ၆၉ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ယခင်က ခရိုင်လေးခရိုင်နှင့် မြို့နယ် ခုနစ်မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသော ကရင်ပြည်နယ်ကြီးကို မိမိတို့တာဝန်ယူပြီးနောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ခရိုင်အဆင့်တိုးမြှင့်ပြီး ခရိုင်ခြောက်ခရိုင်ဖြင့် တိုးချဲ့ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းတွင် ကရင်တိုင်းရင်းသားများနှင့်အတူ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ မွန် အစရှိသည့် တိုင်းရင်းသားများသည် အတူတကွ ချစ်ကြည်အေးချမ်းစွာနေထိုင်လျက်ရှိပါသည်။ ကရင်ပြည်နယ်သည် နိုင်ငံ၏အရှေ့တောင်ဘက်တွင် တည်ရှိပြီး ရာသီဥတု မျှတကောင်းမွန်၍ သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေတံခွန်စိမ့်စမ်းများ၊ မြင့်မားစိမ်းစိုသည့် တောင်တန်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ဇွဲကပင်တောင်၏ သဘာဝအလှတရားသည်လည်း ကရင်ပြည်နယ်၏ အမှတ်သင်္ကေတတစ်ခုအဖြစ် တည်ရှိနေပါသည်။ ထို့ပြင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် စေတီပုထိုးများနှင့် လှပသော သဘာဝလိုဏ်ဂူများ၊ ချစ်ခင်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို ပိုင်ဆိုင်ထားသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ ကရင်တိုင်းရင်းသားဆိုသည်နှင့် ရွှင်မြူးတက်ကြွဖွယ် ကရင်ဒုံးအကသည် ဖားစည်သံနှင့်အတူ ဇွဲကပင်တောင်တည်ရှိရာနေရာ အထင်ကရဒေသအဖြစ် ပြည်တွင်း၌သာမက ပြည်ပတွင်ပါ ထင်ရှားပါသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်ငြိမ်၊ မအေးချမ်းသည့်ကာလများရှိခဲ့ပါသည်။ နောက်ပိုင်း နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ရရှိစေပြီး NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ခဲ့ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ယနေ့နိုင်ငံတော်တွင် ကြုံတွေ့နေရသည့် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို လက်နက်စွဲကိုင်ပြီး တိုက်ပွဲများ၊ အကြမ်းဖက်မှုများဖြင့် ဖြေရှင်းနေကြခြင်းကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများသာ ဆင်းရဲဒုက္ခမျိုးစုံ ခံစားနေရခြင်းဖြစ်ရာ တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အဖြေရှာခြင်းနည်းလမ်းဖြင့် NCA လမ်းကြောင်းအတိုင်း လိုက်ပါဆောင်ရွက်ပေးနိုင်ရေးသက်ဆိုင်သူများကို အသိပေးတိုက်တွန်းလိုပါသည်။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် **"လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"**ဟူသည့် ရှေ့လုပ်ငန်းစဉ်သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံရေးဦးတည်ချက်များနှင့်အညီ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖယ်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲစနစ်ဖြစ်စေရန်ဖော်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား မိဘပြည်သူများက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့် မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုတိုးတက်စေရေးစသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးကဏ္ဍတွင် ပြည်တွင်းပြည်ပကုန်သွယ်ရေးလုပ်ငန်းများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်နေသကဲ့သို့ ကရင်ပြည်နယ်အပါအဝင် နယ်စပ်ဒေသများမှလည်း ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုတွင် ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာတိုးတက်မှုရှိခဲ့သော်လည်း နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ နေ့စဉ်ရှိနေသည့်အတွက် နိုင်ငံ့စီးပွားရေးကို ထိခိုက်စေခဲ့ပြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို တွေ့ရှိရပါသည်။ နယ်စပ်ဒေသကုန်သွယ်ရေးတွင် လမ်းခရီး၌ မလိုလားအပ်သောကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်နိုင်သဖြင့် အဟန့်အတားများမဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။

ထို့ပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ စပါးစိုက်ပျိုးရာတွင်လည်း ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရန်ဆောင်ရွက်ပြီး ပြည်တွင်းဆန်ဖူလုံမှုသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေး မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSMEs)လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့် ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည် ဖြစ်ပါသည်။ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော MSMEs လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားလုံးဆောင်ရွက်သွားကြရမှာဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည် ဖြစ်သဖြင့် နိုင်ငံ၏ GDPတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် လူသားအရင်းအမြစ်များ လိုအပ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ပညာတတ်များမွေးထုတ်နိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံအတွက် လိုအပ်လျက်ရှိသော ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးကဏ္ဍကို ဘက်စုံပညာရေးအဖြစ် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအနေဖြင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ ၇၀ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၉၂ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဆူပူအကြမ်းဖက်မှုများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ယာယီရပ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသားများအား အချိန်ပိုများသင်ကြားစေပြီး အမှန်တကယ်စာတတ်မြောက်စေရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ ပြည်သူအားလုံးအနေဖြင့် အသိပညာ၊အတတ်ပညာ၊ အတွေးအခေါ်အယူအဆများ ပြည့်ဝမှန်ကန်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် ဗလငါးတန်နှင့် ပြည့်ဝသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ရာတွင်

**နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့် လူမျိုးအပေါ် ကျရောက်လာမည့် မည်သည့်အခက်အခဲ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော မျိုးချစ်စိတ်ဓာတ်တို့ဖြင့် တိုင်းရင်းသားပြည်သူများနှင့်အတူ အခိုင်အမာရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟု ယုံကြည်...**

**စာမျက်နှာ ၂၁ သို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ




**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့်တာဝန်ရှိသူများ သည် ယနေ့မွန်းလွဲပိုင်းတွင် ကရင် ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်း များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖ များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ များ၊ အလွှာပေါင်းစုံမှ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ၏ နိုင်ငံတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်နေမှု နှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် က လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များ ကြောင့် ထိခိုက်ခံစားရမှုအခြေအနေ၊ အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းစဉ်များ တွင် ပြည်သူပူးပေါင်းပါဝင်ဆောင်ရွက်စေ ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ပြောကြား ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က တိုင်းရင်းသား တို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအမွေအနှစ်များတိုးတက် ပြန့်ပွားရေးဆိုင်ရာများကိုဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ နှင့်စပ်လျဉ်း၍လည်းကောင်း၊ ကရင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖော် ဆောင်နေမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြ သော ဖိတ်ကြားထားသည့်အဖွဲ့အစည်း အသီးသီးမှတာဝန်ရှိသူများက ငြိမ်းချမ်း ရေးဆိုင်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာများ နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကိုဆွေးနွေး တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များက ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများ သည် ပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ထောက်ပံ့ငွေ များပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြ သည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းနှီးနွေးထွေးစွာတွေ့ဆုံ နှုတ်ဆက်၍ အားပေးစကားများ ပြောကြားကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၆**

မစ္စတာကျိန်းမနက်သ်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ကမ္ဘောဒီးယားနိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာကျိန်းမနက်သ်ကို ၁၉၇၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ Queensland တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဘွဲ့ကိုရရှိခဲ့သည်။ တာဝန် ထမ်းဆောင်မှုများအဖြစ် ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် ဒုတိယညွှန်ကြားရေးမှူးအထိလည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကူဝိတ်နိုင်ငံရှိ ကမ္ဘောဒီးယားနိုင်ငံသံရုံးတွင် သံရုံးဒုတိယအကြီးအကဲ/သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လာအိုနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ အာရှပစိဖိတ်ဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှစတင်၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၂၀ မှအဆက်**

အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အခက်အခဲအကျပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်များကြောင့် ကြုံတွေ့ရသည့် အခက်အခဲအကျပ်အတည်းများကို ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ နှင့် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်ဖြတ်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက်လည်း လူတိုင်း ကျန်းမာရေးကောင်းမွန်ရန်၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရန်၊ ဆင်းရဲမှုလျှော့ချနိုင်စေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်းစီ၏လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက်နှင့် ဒေသအလိုက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖျက်ဆီးမှုအန္တရာယ်များကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အလေးထားတိုက်တွန်းအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်လူမျိုးအပေါ် ကျရောက်လာမည့် မည်သည့် အခက်အခဲအကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသော မျိုးချစ်စိတ်ဓာတ်တို့ဖြင့် တိုင်းရင်းသားပြည်သူများနှင့် အတူ အခိုင်အမာရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ကရင်ပြည်နယ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အတွင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါသည်။ နိုင်ငံ၏အားသည် နိုင်ငံအတွင်းမှာပင်ရှိသလို ပြည်နယ်၏ အင်အားသည်လည်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စုပေါင်းအားပင်ဖြစ်ပါသည်။ ထို့ပြင် ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူများလိုလားတောင့်တနေသော နိုင်ငံတော်ကြီးအား စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရေးတို့အတွက် တွေ့ကြုံနေရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး ယနေ့ကျရောက်သော (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ရယူခံစားနိုင်သူများဖြစ်ကြပါစေ။ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးအတွင်းမှ ဂုဏ်ယူဖွယ်ရာ ပြည်နယ်ကြီးအဖြစ် တည်ရှိနေစေရေး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရန်ကုန်-ပုသိမ် ခရီးစဉ်နှင့် ရန်ကုန်-ညောင်ဦးခရီးစဉ် အပတ်စဉ်ပြေးဆွဲမည်




www.flymna.com

**နေပြည်တော် နိုဝင်ဘာ ၆**

လာမည့်ပွင့်လင်းရာသီတွင် ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေတို့သို့ သွားရောက်ကြမည့် ခရီးသည်များအတွက် နိုဝင်ဘာလအတွင်း ရန်ကုန်-ပုသိမ် ခရီးစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့များဖြစ်သည့် ၁၀၊ ၁၇၊ ၂၄ ရက်တို့တွင်လည်းကောင်း၊ ပုဂံဘုရားဖူးထွက်လိုသော ခရီးသည်များအတွက် ရန်ကုန်-ညောင်ဦး ခရီးစဉ်ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့များဖြစ်သည့် ၁၃၊ ၂၀၊ ၂၇ ရက်နှင့် ညောင်ဦး-ရန်ကုန် ခရီးစဉ်ကို အပတ်စဉ် တနင်္လာနေ့များဖြစ်သည့် ၁၁၊ ၁၈၊ ၁၅ ရက်တို့တွင် လည်းကောင်း ပြေးဆွဲရန် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ စီစဉ်ထားရှိကြောင်း သိရသည်။

ရန်ကုန်-ပုသိမ် ခရီးစဉ်သည် ရန်ကုန်မှ နံနက် ၁၁ နာရီခွဲတွင် ထွက်ခွာ၍ ပုသိမ်သို့ မွန်းလွဲ၁၂နာရီ၁၀မိနစ်တွင်လည်းကောင်း၊ ရန်ကုန်-ညောင်ဦးခရီးစဉ်သည် ရန်ကုန်မှ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ ညောင်ဦးသို့ နံနက် ၇ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ ညောင်ဦး-ရန်ကုန် ခရီးစဉ်သည် ညောင်ဦးမှ ညနေ ၅ နာရီတွင် ထွက်ခွာ၍ ရန်ကုန်သို့ ည ၇ နာရီ တွင်လည်းကောင်း ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ခရီးစဉ်များအတွက် လေယာဉ်လက်မှတ်ဈေးနှုန်းများကို ရန်ကုန်-ပုသိမ် ခရီးစဉ် အသွားတစ်ကြောင်းစာ ၁၆၀၀၀၀ ကျပ်၊ ရန်ကုန်-ညောင်ဦး ခရီးစဉ်အသွားတစ်ကြောင်းစာ ၂၉၀၀၀၀ ကျပ်နှင့် ညောင်ဦး-ရန်ကုန် ခရီးစဉ်အသွားတစ်ကြောင်းစာ ၂၇၀၀၀၀ ကျပ် သတ်မှတ်ထားပြီး ခရီးစဉ်ကို ATR 72-600 လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# "White Dragon"လိပ်ပြာပုံ(၂၀၀ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် နိုဝင်ဘာ ၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့်"WHITE DRAGON"လိပ်ပြာပုံ(၂၀၀ကျပ်တန်)စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ၂၀၂၄ခုနှစ် နိုဝင်ဘာ ၁၁ ရက် မြန်မာသက္ကရာဇ် ၁၃၈၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိစာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင်၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက် (တနင်္လာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**




# Asia Buddhist Summit 2024 အစည်းအဝေးသို့ သီတဂူအဓိပတိဆရာတော်ကြီး တက်ရောက်

နယူးဒေလီ နိုဝင်ဘာ ၆

International Buddhist Confederation ၏ ဖိတ်ကြားချက်အရ အဘိဓဇမဟာရဋ္ဌဂုရု သောဠသမရွှေကျင်သာသနာပိုင် သီတဂူအဓိပတိဆရာတော်ကြီးသည် ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာအနှံ့ပြန့်ပွားစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အသောကဟိုတယ်၌ ကျင်းပသော ပထမအကြိမ် Asia Buddhist Summit 2024 သို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ အိန္ဒိယသမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးနှင့် နိုင်ငံပေါင်း ၃၀ ကျော်မှ ဖိတ်ကြားထားသော ဘာသာရေးခေါင်းဆောင်များ၊ ပါမောက္ခများ၊ ပညာရှင်များ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ သီတဂူအဓိပတိဆရာတော်ကြီးက ဘုရားပန်းကပ်ခြင်း၊ ဆီမီးထွန်းခြင်းများ ပြုလုပ်၍အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆရာတော်ကြီးက Recognition of Pali as a Classical Indian Language အကြောင်း မိန့်ခွန်းပြောကြားပြီး ညနေပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံများ ယှဉ်ပြိုင်လွှတ်တင်ပူဇော်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတစ်ဝန်းတွင် တန်ဆောင်တိုင်ပွဲတော်များစီစဉ်ကျင်းပ၍ ပျော်ရွှင်စွာဆင်နွှဲမှုနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌လည်း ယခင်နှစ်ကဲ့သို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော်ရက်လုပ်ပူဇော်ပွဲ၊ဝတ်ရွတ်အသင်းအဖွဲ့များက အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ မီးပုံးပျံကြီးများ ယှဉ်ပြိုင်လွှတ်တင်ပူဇော်ပွဲနှင့် မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်မှု၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်မှု၊ LED မီးများဖြင့် အလှဆင်ပူဇော်မှုများ စီစဉ်ကျင်းပမည့်အပြင် ဇာတ်သဘင်ပွဲထည့်သွင်းပြီး ကပြဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာအစားအစာအရောင်းဆိုင်များ ထည့်သွင်းခင်းကျင်းပြသရောင်းချကြမည်ဖြစ်ကြောင်း၊ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုတွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏စီစဉ်မှုဖြင့် ဇာတ်မင်းသား ဖိုးချစ်တို့အဖွဲ့နှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်ထိ ညစဉ်ကပြဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တောင်ငူမြို့ရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ၂၀၂၃-၂၀၂၄ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ မိုးရာသီစခန်းချလေ့ကျင့်ရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ မိုးရာသီစခန်းချလေ့ကျင့်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်တာဝန်ရှိသူများက နယ်မြေခံသင်တန်းကျောင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။


ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား သင်ခန်းစာသင်ကြားပေးနေမှုကို ကြည့်ရှုအားပေးပြီး သင်တန်းသားစားရိပ်သာ၌ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်ဆရာ၊ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။ ၎င်းနောက် သင်တန်းသားများ၏ အိပ်ဆောင်များအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးဖုန်းမြတ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၆-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၇-၁၁-၂၀၂၄ မှ ၈-၁၁-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# နိုင်ငံတစ်ဝန်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း ယနေ့မွန်းလွဲမှ နိုဝင်ဘာ ၈ ရက်အတွင်း ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၆**

မစ္စတာဘွန်ဖီယန် ကျန်ထဝုန်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် လာအိုနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာဘွန်ဖီယန် ကျန်ထဝုန်ကို ၁၉၇၅ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၇ ခုနှစ်တွင် လာအိုအမျိုးသားနိုင်ငံရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုတက္ကသိုလ်မှ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကိုရရှိခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ မြန်မာဘာသာစကားအထူးပြုဖြင့် ဒီပလိုမာကိုရရှိခဲ့ကာ ၂၀၁၇ ခုနှစ်တွင် လာအိုအမျိုးသားတက္ကသိုလ်မှ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်ဖြင့် မဟာဘွဲ့ကိုရရှိခဲ့သည်။ တာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန စာချုပ်များနှင့်ဥပဒေရေးရာဌာနတွင်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ထိ ရန်ကုန်မြို့ရှိလာအိုနိုင်ငံသံရုံးတွင်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန လာအိုအမျိုးသားနယ်နိမိတ်ကော်မတီရုံးတွင် ရာထူး အဆင့်ဆင့်ဖြင့် တာဝန်များထမ်းဆောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှယနေ့အချိန်ထိ လာအိုအမျိုးသားနယ်နိမိတ်ကော်မတီရုံးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ (သတင်းစဉ်)

## သံအမတ်ကြီး ဦးသစ်လင်းအုန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ ခန့်အပ်လွှာကို နိုဝင်ဘာ ၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ဗလာဒီမီရိုဗစ်ချ်ပူတင်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

## ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်သည့်အမိန့်ကို ၂၅-၁၀-၂၀၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၃၈/၂၀၂၄ဖြင့်ထုတ်ပြန်ခဲ့ပြီး အဆိုပါအမိန့်ကြော်ငြာစာအရ ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် လုပ်ငန်းလိုင်စင်လျှောက်ထားရယူရန်နှင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ၃၀-၁၀-၂၀၂၄ ရက်တွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂၅-၁၀-၂၀၂၄ ရက်တွင်ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၁၅၅/၂၀၂၄ နှင့်အညီ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လိုင်စင်လျှောက်ထားရယူမည့် လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီများအနေဖြင့် ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်ပါ သတ်မှတ်လျှောက်လွှာပုံစံများအတိုင်း လုပ်ငန်းလိုင်စင်လျှောက်ထားမှုကို သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ကနဦးစိစစ်ရေးအဖွဲ့အတွင်းရေးမှူးရုံးများဖြစ်သော အောက်ဖော်ပြပါရုံးလိပ်စာများတွင် ၁၈-၁၁-၂၀၂၄ ရက်မှစတင်၍ ရုံးချိန်အတွင်း လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ပြည်ထောင်စုနယ်မြေ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ပျဉ်းမနား၊ရမည်းသင်း သတ္တုတွင်းစီမံကိန်းရုံး ပျဉ်းမနားမြို့။
(၂) ကချင်ပြည်နယ် သတ္တုတွင်းဦးစီးဌာန မြစ်ကြီးနားမြို့။
(၃) ကယားပြည်နယ် သတ္တုတွင်းဦးစီးဌာန လွိုင်ကော်မြို့။
(၄) ကရင်ပြည်နယ် သတ္တုတွင်းဦးစီးဌာန ဘားအံမြို့။
(၅) ချင်းပြည်နယ် သတ္တုတွင်းဦးစီးဌာန ဟားခါးမြို့။
(၆) စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန မုံရွာမြို့။
(၇) တနင်္သာရီတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ထားဝယ်မြို့။
(၈) ပဲခူးတိုင်းဒေသကြီး အမှတ်(၂)သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းစီမံကိန်းရုံး ပဲခူးမြို့။
(၉) မကွေးတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန မကွေးမြို့။
(၁၀) မန္တလေးတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန မန္တလေးမြို့။
(၁၁) မွန်ပြည်နယ် သတ္တုတွင်းဦးစီးဌာန ဆားလုပ်ငန်းရုံး မော်လမြိုင်မြို့။
(၁၂) ရခိုင်ပြည်နယ် သတ္တုတွင်းဦးစီးဌာန ဆားလုပ်ငန်းရုံး စစ်တွေမြို့။
(၁၃) ရန်ကုန်တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ရန်ကုန်မြို့။
(၁၄) ရှမ်းပြည်နယ် သတ္တုတွင်းဦးစီးဌာန တောင်ကြီးမြို့။
(၁၅) ဧရာဝတီတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ဆားလုပ်ငန်းရုံး ပုသိမ်မြို့။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**




## ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် ရုရှား-မြန်မာစီးပွားရေးကောင်စီ(Russian-Myanmar Business Council-RMBC)က အမေရိကန်ဒေါ်လာ ၅၀၀၀ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၆**

ရာဂီတိုင်ဖွန်းမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် ရုရှား-မြန်မာစီးပွားရေးကောင်စီ (Russian-Myanmar Business Council-RMBC) က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀၀ ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့်အသင်းဝင်များက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာန၌ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ပေါ်ရှိ လက်ဆည်ရပ်ကွက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်မီးရှို့ပြီး အရပ်သားများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ပေါ်ရှိ လက်ဆည်ရပ်ကွက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၅ ရက်တွင် ဝင်ရောက်မီးရှို့ပြီး အရပ်သားများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇီးကုန်းမြို့ပေါ် ရပ်ကွက်အတွင်း ဝင်ရောက်မီးရှို့ပြီး အရပ်သားများကို ဖမ်းဆီးခေါ်ဆောင်သည်ဆိုသည့်သတင်းမှာ မဟုတ်မှန်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကန့်ဘလူမြို့နယ်အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာများကို မီးရှို့ခြင်း၊ ဒေသခံပြည်သူများကို ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်းများ လုပ်ဆောင်မှုမရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများကသာ ၎င်းတို့ကိုထောက်ခံအားပေးမှုမရှိသည့်ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်သည်။




ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်နေ့သင်တန်းဝင်ခွင့်ရသူများစာရင်းကို ၁၀-၁၁-၂၀၂၄ ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# လုံခြုံစိတ်ချရသည့်သွေး လုံလောက်စွာရရှိနိုင်ရေး

"သွေးသည် အသက်၊ အသက်သည် သွေး"ဆိုသလို စိတ်ချရသည့်သွေးကို အလုံအလောက်ရရှိနိုင်စေရန် အထူးအရေးကြီးပါသည်။ LMICs ဟု ခေါ်ကြသည့် ဝင်ငွေနိမ့်နှင့် အလယ်အလတ်ရှိ နိုင်ငံများအတွက် လုံခြုံစိတ်ချရပြီး အရည်အသွေးမီသည့် "သွေး"များ လုံလောက်စွာရရှိနိုင်ရန်ခက်ခဲသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO) အနေဖြင့် သွေးနှင့် သွေးတွင်းဓာတ်များကို "မရှိမဖြစ်ဆေးဝါးများ"စာရင်းတွင် ထည့်သွင်းထားသည်။

"မရှိမဖြစ်ဆေးဝါး"စာရင်းမှာ ထည့်လိုက်လျှင် နိုင်ငံ့လူဦးရေအများစုအတွက် တတ်နိုင်ပြီး အရည်အသွေးစံချိန်မီသည့်ဆေးဝါးများကို လုံလုံလောက်လောက်ရနိုင်ရေးစီစဉ်ပေးရန် သက်ဆိုင်ရာနိုင်ငံ့ကျန်းမာရေးအာဏာပိုင်များတွင် တာဝန်ရှိသွားသည်။

ယနေ့ကမ္ဘာ့နိုင်ငံများ၏ သုံးပုံနှစ်ပုံမှာ လုံလောက်ပြီး စိတ်ချရသည့်သွေးရရှိနိုင်ရန် ခက်ခဲနေဆဲဖြစ်သည်။ အထူးသဖြင့် အာဖရိကတိုက်အလယ်ပိုင်း၊ အရှေ့ပိုင်းနှင့် အနောက်ပိုင်းနိုင်ငံများ၊ ပစိဖိတ်သမုဒ္ဒရာတွင်း နိုင်ငံများတွင် သွေးလိုအပ်မှု များပြားနေဆဲဖြစ်သည်။ ဝင်ငွေမြင့်နှင့် ဝင်ငွေနိမ့်နိုင်ငံများအကြား သွေးလုံလောက်စွာ ရရှိနိုင်မှု ကွာဟချက်များရှိသလို စိတ်ချလုံခြုံရသည့် စံချိန်မီသွေးရရှိနိုင်မှုလည်း ကွာခြားနေသည်။ ယနေ့ ကမ္ဘာ့ဝင်ငွေမြင့်နိုင်ငံများတွင် ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းသာ နေထိုင်ကြသော်လည်း ကမ္ဘာပေါ်မှ သွေးယူနစ်များ၏ ၄၀ ရာခိုင်နှုန်းကို အသုံးပြုနေကြသည်။

WHO အဖွဲ့ကြီးသည် ပျမ်းမျှ လူ ၁၀၀၀ လျှင် အနည်းဆုံး သွေးယူနစ် ၁၀ ပုလင်း ထုတ်ယူစုဆောင်းရမည်ဟု ၂၀၁၈ခုနှစ်ကတည်းက သတ်မှတ်ထုတ်ပြန်ထားခဲ့သော်လည်း ယနေ့ ဝင်ငွေမြင့်နိုင်ငံများတွင် လူ ၁၀၀၀ လျှင် သွေးပုလင်း ၃၁ ဒသမ ၅ လုံး ထုတ်ယူသုံးစွဲနိုင်နေချိန်တွင် ဝင်ငွေနိမ့်နိုင်ငံများ၌ လူ ၁၀၀၀ အတွက် သွေးပုလင်းငါးလုံးမျှသာထုတ်ယူ အသုံးပြုနိုင်သည့်အခြေအနေဖြစ်သည်။ သွေးရရှိမှု အခြေအနေကွာဟသည့်အတွက် ဝင်ငွေမြင့်နှင့် ဝင်ငွေနိမ့်နိုင်ငံများကြား သွေးသွင်းရန်လိုအပ်သည့် အခြေအနေ ကွာခြားချက်များလည်းရှိလာသည်။ ဝင်ငွေနိမ့်နိုင်ငံများမှ ကလေးငယ်များမှာ သွေးနီဥပမာဏ(ဟေမိုဂလိုဗင်)လေးဂရမ်ရှိမှသာ သွေးသွင်းပေးနိုင်ချိန်၊ ဝင်ငွေမြင့်နိုင်ငံများမှာ ခုနစ်ဂရမ်၊ ရှစ်ဂရမ်လောက်မှာ သွေးသွင်းပေးနေကြသည်။

ကမ္ဘာတစ်လွှား သွေးလိုအပ်ချက်များရှိနေခြင်းကြောင့် များစွာသောဆေးကုသမှုပညာရပ်များဖြစ်သည့် သားဖွားမီးယပ်၊ ကလေးကျန်းမာရေး၊ သွေးရောဂါ၊ ကင်ဆာရောဂါ၊ အရေးပေါ်ဆေးပညာနှင့် ခွဲစိတ်မှုပညာရပ်များတွင် သွေးလိုအပ်မှုပြဿနာများ ဖြစ်ပေါ်လျက်ရှိသည်။ အဓိကအားဖြင့် သွေးလုံလောက်မှုမရှိခြင်းသည် မိခင်နှင့် ကလေးကျန်းမာရေးကို များစွာထိခိုက်စေနိုင်သည်။ ဥပမာအားဖြင့် အာဖရိကနိုင်ငံများတွင် သားဖွားဆောင်အတွင်း ဆေးရုံတက်မိခင်လောင်းများ သေဆုံးရမှု၏လေးပုံတစ်ပုံမှာ မီးတွင်းကာလသွေးလွန်ပြီး အချိန်မီသွေးပြန်မသွင်းနိုင်ခြင်းကြောင့်ဖြစ်သည်။ ယူဂန်ဒါနိုင်ငံ၊ ကင်ညာနိုင်ငံနှင့် တန်ဇေးနီးယားနိုင်ငံများတွင် ပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ခုတွင် သွေးအားနည်း၊ အဖျားဝင်ပြီး ဆေးရုံတက်ကြရသည့် ကလေးငယ်များ၏ ထက်ဝက်ကျော်မှာ ဆေးရုံရောက်ပြီး ရှစ်နာရီကျော်သည်ထိ သွေးသွင်းကုသခွင့်မရရှိလျှင် သေဆုံးကုန်ကြသည်ဟု ဖော်ပြထားသည်။ ဆေးရုံရောက်ပြီး ရှစ်နာရီအတွင်း သွေးသွင်းကုသမှုခံယူရသည့် ကလေးငယ်များ၏ လေးရာခိုင်နှုန်းသာ သေဆုံးမှုရှိကြောင်း သိရသည်။

ကုလသမဂ္ဂအဖွဲ့ကြီးမှ ထုတ်ပြန်ထားသည့် ရေရှည်တည်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်(SDG)များထဲတွင် မိခင်နှင့် ကလေးသေဆုံးမှုများကို ကာကွယ်ရန်အတွက် အသက်ငါးနှစ်အောက် ကလေးငယ်များကို လုံလောက်သည့် သွေးသွင်းကုသမှုရရှိနိုင်ရေးသည် အဓိကအချက်တစ်ချက်အဖြစ် ပါဝင်နေသည်။ ငွေကြေးကြွယ်ဝသည့် တိုင်းပြည်များတွင် စံချိန်စံညွှန်းမီကုထုံးအဖြစ် သတ်မှတ်ထားသည့် ကုသမှုများမှာ ငွေကြေးအင်အားနည်းသည့်နိုင်ငံများအတွက် စိန်ခေါ်မှုများဖြစ်လျက်ရှိသည်။ ဥပမာနလုံးခွဲစိတ်ကုသမှုမျိုး၊ ရိုးတွင်းခြင်ဆီအစားထိုးကုသမှုမျိုးမှာ သွေးလိုအပ်ချက်များပြီး ချမ်းသာသည့်နိုင်ငံများအတွက် ပုံမှန်လုပ်ရိုးလုပ်စဉ်ကုသမှုဖြစ်သော်လည်း ချို့တဲ့သည့်နိုင်ငံများအတွက် ပြုလုပ်နိုင်စွမ်းမရှိသည့်ကုသမှုမျိုးဖြစ်နေသည်။

**❖ကုလသမဂ္ဂအဖွဲ့ကြီးမှ ထုတ်ပြန်ထားသည့်ရေရှည်တည်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်(SDG)များထဲတွင် မိခင်နှင့် ကလေးသေဆုံးမှုများကို ကာကွယ်ရန်အတွက် အသက်ငါးနှစ်အောက် ကလေးငယ်များကို လုံလောက်သည့်သွေးသွင်းကုသမှုရရှိနိုင်ရေးသည် အဓိကအချက်တစ်ချက်အဖြစ်ပါဝင်နေသည်။ ငွေကြေးကြွယ်ဝသည့် တိုင်းပြည်များတွင် စံချိန်စံညွှန်းမီကုထုံးအဖြစ် သတ်မှတ်ထားသည့်ကုသမှုများမှာ ငွေကြေးအင်အားနည်းသည့် နိုင်ငံများအတွက် စိန်ခေါ်မှုများဖြစ်လျက်ရှိသည်။❖**

သွေးလိုအပ်ချက်နှင့် ပတ်သတ်ပြီး အဓိကစိန်ခေါ်မှုသုံးရပ်ရှိသည်။ ပထမအချက်မှာ သွေးလှူရှင်လုံလုံလောက်လောက်ရှိရေးဖြစ်သည်။မိမိတို့ဆန္ဒအလျောက် ပုံမှန်သွေးလှူနေသည့် သွေးလှူရှင်များသည် စိတ်အချရဆုံးနှင့် အားအကိုးရဆုံး သွေးလှူရှင်အုပ်စုဖြစ်သည်။ နောက်ထပ်အုပ်စုတစ်စုမှာ သက်ဆိုင်ရာလူနာအတွက် လိုအပ်ချက်ရှိမှလှူဒါန်းသည့် မိတ်ဆွေများ၊ ဆွေမျိုးများဖြစ်သည်။ ထိုအုပ်စုကို (Replacement donor) အုပ်စုဟု ခေါ်သည်။ နောက်ဆုံးအုပ်စုမှာ သွေးကို ရောင်းစားသည့် (Paid donor) အုပ်စုဖြစ်သည်။ ဝင်ငွေနိမ့်ပါးသည့်တိုင်းပြည်များတွင် တတိယအုပ်စုသည် သွေးရရှိရာရရှိကြောင်း အဓိကအရင်းအမြစ်ဖြစ်သည်။

Replacement donor သွေးလှူရှင်အုပ်စုနှင့် သွေးရောင်းစားသူအုပ်စုနှစ်စုထံမှ ရသည့်သွေးမှာ ပုံမှန်သွေးလှူရှင်များထံမှရရှိသည့်သွေးထက် ကူးစက်ရောဂါများ ပါဝင်နိုင်ခြေအလားအလာပိုများသည်။ ၎င်းအုပ်စုနှစ်စုထံမှ ကူးစက်ရောဂါများ ရှိနေနိုင်သည့် အပြုအမူအလားအလာအခြေအနေမှန်ကို သိရှိနိုင်ရန်လည်း ခက်ခဲသည်။ ဥပမာ ဆွေမျိုးနီးစပ် သွေးလှူရှင်များသည် မူးယစ်ဆေးအကြောထဲသွင်းနေသူဖြစ်လျှင် ဝန်ခံမှာမဟုတ်သလို သွေးရောင်းစားသူများထံမှလည်း သူတို့၏အခြေအနေမှန်ကို သိနိုင်မည်မဟုတ်။

သို့သော်လည်း ကမ္ဘာ့ဒေသတစ်နေရာနှင့်တစ်နေရာကွာဟချက်တော့ရှိသည်။ အာဖရိကနိုင်ငံများတွင် သွေးရောင်းစားသူများကို လစာပေးပြီး အလုပ်ခန့်ထားသည်။ လေးလတစ်ကြိမ် သွေးလှူရမည်ဖြစ်ပြီး ၎င်းအတွက်လစာပုံမှန်ပေးထားသည်။ အလုပ်တည်မြဲရေးအတွက် လခစားသွေးထုတ်ရောင်းသူများအတွက် ကူးစက်ရောဂါများရမလာအောင် ဂရုတစိုက်နေထိုင်ကြသည်။ တစ်ချိန်က ဆိုဗီယက်ရုရှားမှာလည်း ပုံမှန်လစာရသည့် သွေးထုတ်ရောင်းစားသူများရှိသော်လည်း ကူးစက်ရောဂါရှိနေသူများသည်။ အခကြေးငွေနှင့် သွေးထုတ်ပေးသူကို သွေးလှူရှင်ဟုမဆိုနိုင်။ သို့သော်လည်း အင်္ဂလိပ်ဝေါဟာရမှာ အားလုံးကို ခြုံငုံပြီး Donor ဟုသာသုံးသည်။ အခကြေးငွေရယူသည့် သွေးလှူရှင်ကို Paid donor ဟုခေါ်ပြီး အခမဲ့သွေးလှူဒါန်းသူကို Voluntary donor ဟု ခေါ်သည်။ အမျိုးတော်သူ၊ ရင်းနှီးသူ သွေးလှူသူများ၊ အခကြေးငွေဖြင့် သွေးထုတ်ရောင်းစားသူများနှင့် အခမဲ့သွေးလှူဒါန်းသူများဟူ၍ သွေးရရှိနိုင်သည့် အုပ်စု သုံးစုအနက် Voluntary donor ဟု ခေါ်သည့် အခမဲ့သွေးလှူဒါန်းသူများအုပ်စုသည်သာ စိတ်အချရဆုံးနှင့်အားအကိုးရဆုံးသွေးပုလင်းရင်းမြစ်ဖြစ်သည်။

သွေးလိုအပ်ချက်နှင့်ပတ်သတ်သည့် ဒုတိယစိန်ခေါ်မှုမှာ သွေးသွင်းရသည့်အကြောင်းရင်းမမှန်ကန်ခြင်းဖြစ်သည်။ မလိုအပ်ဘဲ သွေးသွင်းကြတာမျိုးရှိသလို သွေးသွင်းသင့်ပါလျက်နှင့် မသွင်းနိုင်ကြတာမျိုးလည်းဖြစ်နိုင်သည်။ တချို့လူနာများမှာ သွေးမသွင်းပဲ သံဓာတ်အားတိုးဆေးတိုက်လိုက်သဖြင့် သွေးအားနည်းရောဂါပျောက်ကင်းသက်သာသွားတာမျိုးလည်းရှိနိုင်သည်။ ၎င်းလူနာမျိုးများမှာ မလိုအပ်ပဲ သွေးသွင်းမိခြင်း၊ သောက်သင့်သည့် ဆေးဝါးကို မညွှန်းဆိုမိခြင်း အစရှိသည့်အားနည်းချက်တွေရှိနိုင်သည်။ တချို့နိုင်ငံများတွင် ဟေမိုဂလိုဗင် ဘယ်လောက်ထိ ကျလာမှ သွေးသွင်းရမည်ဟူသည့် တင်းကျပ်သည့် စည်းကမ်းချက်များရှိတတ်သည်။

တတိယစိန်ခေါ်မှုမှာ ရန်ပုံငွေတောင့်တင်းခိုင်မာရန်ဖြစ်သည်။ ငွေကြေးချို့တဲ့သည့် နိုင်ငံများမှာ သွေးဘဏ်နှင့် သွေးဌာနများသည် ပြင်ပအလှူရှင်များ၏ အလှူငွေဖြင့် ရပ်တည်ရမှုများသည်။ ဥပမာ ခရစ်နှစ် ၂၀၀၀ ပြည့်လွန်နှစ်များမှာ HIV/AIDS တိုက်ဖျက်ရေးအစီအစဉ်ဖြင့် အာဖရိကနိုင်ငံအတော်များများကို သွေးသွင်းကုသခြင်းဆိုင်ရာ ရန်ပုံငွေ အများအပြား ပေးအပ်ခဲ့ခြင်းများရှိသည်။ HIV/AIDS ကူးစက်မှုများ ကျဆင်းလာသည့်အခါ သွေးဘဏ်များသို့ ရရှိသည့် ရန်ပုံငွေလည်း လျော့နည်းလာသည်။ ၎င်းစိန်ခေါ်မှုကို ကျော်လွှားရန် သက်ဆိုင်ရာနိုင်ငံများအနေဖြင့် သွေးဘဏ်၊ သွေးဌာနများအတွက် ကိုယ်ပိုင်ရန်ပုံငွေတည်ဆောက်ထားနိုင်ရန်လိုအပ်သည်။

သက်ဆိုင်ရာ နိုင်ငံအစိုးရများအနေဖြင့် အမျိုးသားသွေးဌာနများ တည်ထောင်နိုင်ရန်အတွက် ရန်ပုံငွေပံ့ပိုးပေးရန်လိုအပ်သည်။ လူ့စွမ်းအားအရင်းအမြစ်များကိုလည်း မွေးထုတ်ပေးရန်လိုအပ်သည်။ ဓာတ်ခွဲခန်းနည်းပညာများကိုလည်း အဆင့်မြှင့်တင်ပေးရန် လိုအပ်သည်။ သွေးသွင်းပြီး လူနာများ အခြေအနေ စောင့်ကြည့်စစ်ဆေးရေးအဖွဲ့များကိုလည်း ဖွဲ့စည်းပေးထားရန်လိုအပ်သည်။ သွေးသွင်းကုသခြင်းများသည် ကမ္ဘာနှင့်ချီ၍အရေးကြီးသော ကျန်းမာရေးဦးစားပေး အစီအစဉ်ဖြစ်သင့်သည်။ လူထုအတွင်း ကျန်းမာရေးအသိပညာပေးခြင်းဖြင့်လည်း သွေးလှူရှင်များများပေါ်ပေါက်လာစေပြီး သွေးပုလင်းများ လောက်ငှလာစေနိုင်သည်။ ဥပမာအားဖြင့် ရဝမ်ဒါနိုင်ငံမှာ အစိုးရက အမျိုးသားသွေးဌာနကို အထောက်အပံ့များပေးပြီး သွေးလှူရှင်များများပေါ်ပေါက်လာအောင် အားပေးပံ့ပိုးမှုများ ပြုလုပ်ခဲ့သည်။ ဇင်ဘာဘွေနိုင်ငံမှာလည်း HIV ပိုးရှိနိုင်ခြေအနည်းဆုံးဖြစ်သည့် လူငယ်အုပ်စုများ စုစည်းပြီး ပုံမှန်သွေးလှူရှင်များအဖြစ် ဖွဲ့စည်းဆောင်ရွက်ခြင်းမျိုးရှိသည်။

ဂျော်ဂျီယာနိုင်ငံတွင် သွေးဌာနများကို အမျိုးသားအသည်းရောင်အသားဝါစီပိုးကုသမှု အစီအစဉ်လက်အောက်တွင် ထည့်သွင်းဖွဲ့စည်းထားသည်။ နီကာရာဂွာနိုင်ငံတွင် သုံးနှစ်တာကြာမြင့်သည့် သွေးလှူဒါန်းခြင်းဆိုင်ရာ အသိပညာပေးမှုများပြုလုပ်အပြီးတွင် နိုင်ငံအတွက်လိုအပ်နေသည့်သွေးလိုအပ်ချက် ၁၀၀ ရာခိုင်နှုန်းစလုံးကို မိမိဆန္ဒအလျောက်သွေးလှူရှင်များဆီမှရရှိခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အမျိုးသားသွေးဌာနနှင့် ဩစတြေးလျကြက်ခြေနီအသင်းများပူးပေါင်းပြီး သွေးသွင်းကုသခြင်းလုပ်ငန်းကို အပြည်ပြည်ဆိုင်ရာအဆင့်အတန်းမီအောင် လုပ်ဆောင်နေကြသည်။ သွေးလှူဒါန်းမှုဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ဓာတ်ခွဲခန်းဆိုင်ရာ လေ့ကျင့်သင်ကြားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။

နိဂုံးချုပ်အားဖြင့် ကမ္ဘာကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အရေးတကြီးဆောင်ရွက်ရမည့် ဦးစားပေးရောဂါကြီးများနှင့်ကုထုံးများစွာရှိနေသည်။ ၎င်းအရေးကြီးသည့်ဆောင်ရွက်ဖွယ်ရာများထဲတွင် လုံလောက်သည့်သွေးရရှိနိုင်ရေးကိုလည်း ဦးစားပေးအနေဖြင့် ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ အထူးသဖြင့် ဝင်ငွေနိမ့်နှင့် ဝင်ငွေအလယ်အလတ်ရှိ နိုင်ငံများအတွက် အရည်အသွေးပြည့်မီပြီး စိတ်ချရသည့် သွေးပုလင်းများ လုံလောက်စွာရရှိနိုင်စေရန် သက်ဆိုင်ရာနိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသည်။ သွေးနှင့် သွေးသွင်းကုသမှုလုပ်ငန်းစဉ်များကို နိုင်ငံအလိုက် မရှိမဖြစ်ဆေးဝါးများစာရင်းတွင် ထည့်သွင်းဦးစားပေးအစီအစဉ်ဖြင့်ရရှိစေရေး ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်တော့သည်။

**ကိုးကား**

**– Ensuring a Safe and Sufficient Global Blood Supply from NEJM Sept 26,2024**

**ဒေါက်တာလွှမ်းမိုးဟန်**

# စည်းလုံးညီညွတ်မှု အောင်မြင်မှုများနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု

လူသားတွေအနေနဲ့ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်မှာ တစ်ဦးတစ်ယောက်တည်းနေလို့ မရပါဘူး။ အိမ်နီးချင်းမိတ်ဆွေအပေါင်းအသင်း သို့မဟုတ် လူမှုရေးအသင်းအဖွဲ့တစ်ခုခုနဲ့ဆက်သွယ်နေထိုင်လေ့ရှိကြပါတယ်။ ထို့အတူနိုင်ငံတစ်နိုင်ငံအနေနဲ့ မိမိတစ်နိုင်ငံတည်းရပ်တည်လို့မဖြစ်နိုင်ပါဘူး။ အိမ်နီးချင်းနိုင်ငံများ စုဖွဲ့၍ဖြစ်စေ၊ မိမိနိုင်ငံနှင့် စိတ်သဘောထားတိုက်ဆိုင်သည့် နိုင်ငံများစုဖွဲ့၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ကြရပါတယ်။ အချို့ကိစ္စရပ်တွေ၊ အခက်အခဲတွေမှာ နိုင်ငံတစ်နိုင်ငံတည်းဖြေရှင်းခြင်းထက် နိုင်ငံအများကအစုအဖွဲ့နဲ့ဖြေရှင်းမှ ပိုမိုအောင်မြင်နိုင်တာတွေရှိပါတယ်။

မိုင်ပေါင်း၂၇၀၀ ကျော်ရှည်လျားတဲ့ ကမ္ဘာ့ ၁၂ ခုမြောက်အရှည်ဆုံးမြစ်ဖြစ်တဲ့ မဲခေါင်မြစ်ဟာ တရုတ်နိုင်ငံရဲ့ တိဗက်ကုန်းမြေမြင့်ဒေသမှာ မြစ်ဖျားခံပြီး တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့ကိုဖြတ်သန်းစီးဆင်းနေပါတယ်။ မဲခေါင်မြစ်ရေကို သုံးစွဲနေတဲ့နိုင်ငံတွေအနေနဲ့ မိသားစုစိတ်ဓာတ်တွေရှိနေပြီး နိုင်ငံများကြားသွေးနီးလှပါတယ်။ ဒါကိုပင်လျှင် အခြေတည်လျက် မဲခေါင်-လန်ချန်းစိတ်ဓာတ် (MLC Spirit)၊ မဲခေါင်-လန်ချန်းအခြေခံမူ(MLC Principles)ရယ်လို့ ခိုင်မာသွေးစည်းမှု၊ ညီညွတ်မှုတွေနဲ့ မဲခေါင်-လန်ချန်း လုပ်ငန်းဆောင်ရွက်မှုမူဘောင်(MLC Framework)၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဦးစားပေးနယ်ပယ်ငါးခု(MLC Priority Cooperation Areas)၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုများဖြင့် အခိုင်အမာရပ်တည်နေပါတယ်။ မဲခေါင်မိသားစုဝင်နိုင်ငံများမှာ မဲခေါင်ဒေသနေပြည်သူများ၏လူနေမှုအဆင့်အတန်းများ၊ ယဉ်ကျေးမှု၊ စာပေ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမှု၊ သာယာဝပြောစေမှု စတာတွေကိုဆောင်ကြဉ်းပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံအားလုံးနဲ့ချစ်ကြည်ရင်းနှီးတဲ့ဆက်ဆံရေးထားရှိတဲ့အတွက် နိုင်ငံအားလုံးနဲ့ ပတ်သက်ရင် ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေဆိုတဲ့နည်းလမ်းကိုပဲကျင့်သုံးလျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစတင်တည်ထောင်စဉ် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေမှာ ပါဝင်ခဲ့ပါတယ်။ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဟာ ဒေသတွင်းငြိမ်းချမ်းရေးနဲ့သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချရန်နှင့် ဒေသတွင်းနိုင်ငံများရဲ့အလုံးစုံပါဝင်သောစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးကြိုးပမ်းမှုတွေကို အထောက်အကူပြုရန်ရည်ရွယ်ပြီး ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှာအခြေခံရမဲ့ မူဝါဒ ၇ ရပ်ရှိပါတယ်။ အဲဒီမူဝါဒတွေကို ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်နေ့မှာကျင်းပတဲ့ ပထမအကြိမ် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကထုတ်ပြန်ခဲ့တဲ့ ''ဆန်းယကြေညာစာတမ်း''မှာ အတိအလင်းဖော်ပြသတ်မှတ်ခဲ့တာဖြစ်ပါတယ်။

ချမှတ်ထားတဲ့မူဝါဒတွေကတော့ တူညီဆန္ဒ (Consensus)၊ ညီတူညီမျှရှိမှု (Equality)၊ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မှု(Mutual consultation and coordination)၊ မိမိဆန္ဒအလျောက်ပါဝင်မှု (Voluntarism)၊ စုပေါင်းပါဝင်ဆောင်ရွက်မှု(Common comtribution)၊ အကျိုးအမြတ်များမျှဝေခံစားမှု (Shared benefits)၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကိုလေးစားမှု (Respect for the United Nations Charter and inetrnational Laws)တို့ပဲဖြစ်ပါတယ်။ ဒီမူဝါဒတွေဟာ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် အောင်မြင်မှုအတွက် အလွန်အရေးပါလှတဲ့မူဝါဒတွေဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေပေါ်မှာ နိုင်ငံတွေရဲ့ယုံကြည်မှုရရှိအောင် မူဝါဒ ၇ ရပ်က ထိန်းကျောင်းဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုယန္တရားမှာပါဝင်တဲ့စီမံချက်အားလုံး အောင်မြင်စွာလည်ပတ်ဖို့ဆိုရင် ငွေကြေးအရင်းအနှီးလိုအပ်ပါတယ်။ အဲဒီလိုအပ်ချက်ကို တရုတ်နိုင်ငံမှ မတည်ရန်ပုံငွေလေးရပ်ထူထောင်ပေးထားပါတယ်။ အဆိုပါရန်ပုံငွေများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) အမေရိကန်ဒေါ်လာ သန်း ၃၀၀ မတည်ပေးသောအထူးရန်ပုံငွေ(Special Fund)

(ခ) ယွမ် ၁၀ ဘီလီယံ မတည်ပေးထားသော အတိုးနှုန်းသက်သာသည့်ချေးငွေ (Concessional Loan)

(ဂ) အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ မတည်ပေးထားသော အခြားချေးငွေ (Credit Loan)

(ဃ) အမေရိကန်ဒေါ်လာ သန်း ၂၀၀ မတည်ပေးထားသောဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ။

မြန်မာနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ စတင်ထူထောင်တဲ့ ၂၀၁၇ ခုနှစ်ကစပြီး စီမံကိန်းများအဆိုပြုခဲ့ပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးအပေါ်မှီခိုနေကြရတာဖြစ်တဲ့အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကကျနေပါတယ်။ ဒါ့ကြောင့် အဆိုပြုစီမံကိန်းလျှောက်ထားမှုများအနက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတင်သွင်းတဲ့ စီမံကိန်းတွေမှာခွင့်ပြုချက်အများဆုံးရရှိခဲ့ပါတယ်။ ထို့အတူ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကလဲ ခွင့်ပြုချက်အများဆုံးရရှိတဲ့ ဝန်ကြီးဌာနများမှာ ပါဝင်ခဲ့ပါတယ်။ မဲခေါင်မြစ်ဝှမ်းနိုင်ငံတွေဟာ မိမိတို့ရဲ့ပြည်သူများအကျိုးဖြစ်ထွန်းစေဖို့အတွက် လိုအပ်တဲ့ကဏ္ဍအလိုက်အဆိုပြုချက်များကို နှစ်အလိုက်စီမံကိန်းများရေးဆွဲတင်ပြကာ အကောင်အထည်ဖော်လျက်ရှိပါတယ်။

မဲခေါင်မြစ်ဝှမ်းနိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့ပါဝင်တဲ့ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဟာ အခုဆိုရင် ကိုးနှစ်တာကာလအတွင်းရောက်ရှိလာပြီဖြစ်ပါတယ်။ ဒေသတွင်းပြည်သူတွေအတွက်တော့ များစွာကောင်းကျိုးရှိတဲ့ပူးပေါင်းဆောင်ရွက်မှုပါပဲ။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပေါင်း ၁၁၈ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ''မဲခေါင်-လန်ချန်း ခရီးသွားလာရေးမြို့တော်များ တည်ထောင်ခြင်း'' ''မဲခေါင်-လန်ချန်း လေကြောင်းခရီးသွားလာမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် မိတ်ဖက်ထူထောင်ခြင်း'' လုပ်ငန်းစဉ်များကို ကြိုဆိုလျက်ရှိပါတယ်။ ဒါ့ပြင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ၊ အကြမ်းဖက်မှုများ၊ ဆိုက်ဘာရာဇဝတ်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ စတဲ့ရာဇဝတ်မှုများဟာ ဒေသတွင်းလုံခြုံရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေတဲ့အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ''မဲခေါင်-လန်ချန်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန''က ဆောင်ရွက်လျက်ရှိတဲ့ ဒေသတွင်းပူးပေါင်းညှိနှိုင်းရေး အခန်းကဏ္ဍဟာ အရေးပါတဲ့ကဏ္ဍတစ်ခုဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးခေတ်မီတိုးတက်လာစေရေးတို့အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အောက်မှာ အချင်းချင်းအပြန်အလှန်အကူအညီပေးကြရမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ရေးအတွက် တရုတ်နိုင်ငံရဲ့ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းနဲ့ မဲခေါင်-လန်ချန်း ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းများမှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

လေးကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှာကျင်းပခဲ့ပါတယ်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အလှည့်ကျပူးတွဲဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် အဆိုပါအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ပါဝင်တက်ရောက်ခဲ့ပါတယ်။ အဆိုပါအစည်းအဝေးမှာ အနာဂတ်လုပ်ငန်းအစီအစဉ်များ မူဝါဒလမ်းညွှန်တစ်ရပ်အဖြစ် နေပြည်တော်ကြေညာစာတမ်းနှင့် အဖွဲ့ဝင်နိုင်ငံများအကြားအိမ်နီးချင်းကောင်းပီသမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့်လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ်(၂၀၂၃-၂၀၂၇) နှင့် မဲခေါင်-လန်ချန်း တီထွင်ဆန်းသစ်မှုစင်္ကြံဖွံ့ဖြိုးတိုးတက်ရေးပူးတွဲအစီအစဉ်တို့ကို အတည်ပြုထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ရဲ့ အလှည့်ကျပူးတွဲဥက္ကဋ္ဌတာဝန်ကို အမြဲတမ်းပူးတွဲဥက္ကဋ္ဌဖြစ်တဲ့ တရုတ်နိုင်ငံနဲ့အတူ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိအောင်မြင်စွာပူးတွဲထမ်းဆောင်ခဲ့ပါတယ်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှာ မြန်မာနိုင်ငံအနေနဲ့ တန်ဖိုးထားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ မူဝါဒများ၊ စိတ်ဓာတ်များနဲ့အညီ တက်ကြွစွာ ဆက်လက်ပါဝင်ဆောင်ရွက်နေမှာဖြစ်ပါတယ်။

❖ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးအပေါ်မှီခိုနေကြရတာဖြစ်တဲ့အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကကျနေပါတယ်။ ဒါ့ကြောင့် အဆိုပြုစီမံကိန်းလျှောက်ထားမှုများအနက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတင်သွင်းတဲ့ စီမံကိန်းတွေမှာ ခွင့်ပြုချက်အများဆုံးရရှိခဲ့ပါတယ်။ ထို့အတူ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကလဲ ခွင့်ပြုချက်အများဆုံးရရှိတဲ့ ဝန်ကြီးဌာနများမှာပါဝင်ခဲ့ပါတယ်။ ❖

မြန်မာနိုင်ငံအနေနဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှာ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဟာ မြန်မာနိုင်ငံရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေကို အထောက်အကူပြုလျက်ရှိပါတယ်။ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနေပြည်တော်မှာ အမျိုးသားကူးစက်ရောဂါကာကွယ်ရေးနှင့်လေ့ကျင့်ရေးစင်တာ တည်ဆောက်ဖို့အတွက် အကူအညီများပေးအပ်ခဲ့ခြင်းကိုလည်း မြန်မာပြည်သူတွေအနေနဲ့ တရုတ်နိုင်ငံကိုကျေးဇူးတင်ရှိပါတယ်။ မဲခေါင်-လန်ချန်း ဒေသအတွင်းမှာ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေးနှင့် စားရေရိက္ခာဖူလုံရေး၊ ရေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများတားဆီးကာကွယ်နှိမ်နင်းရေးနှင့်ခရီးသွားလာရေး၊ ပြည်သူအချင်းချင်းချိတ်ဆက်ဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးစတဲ့ကဏ္ဍတွေမှာ မြန်မာနိုင်ငံအနေနဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်နေမှာဖြစ်ပါတယ်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အတွင်းမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းဆိုတဲ့ လောကပါလတရားနဲ့အညီရှိနေသမျှကာလပတ်လုံး ကြာရှည်ခိုင်မြဲစွာတည်ရှိနေမှာဖြစ်ပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂရဲ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင် ၁၇ မှာပါရှိတဲ့ ''အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာနည်းလမ်းများ ခိုင်မာအားကောင်းစေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းမှုများ ရှင်သန်အားကောင်းစေရေး'' ဆိုသည့်အတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ အနှစ်ချုပ်ဆိုရသော် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းနိုင်ငံများရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိတဲ့အတွက် စည်းလုံးညီညွတ်မှုအောင်မြင်မှုများနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကိုကြိုဆိုပါကြောင်း ဂုဏ်ပြုရေးသားလိုက်ပါတယ်။

**ကိုးကား-**


၁။ ၂၆-၁၂-၂၀၂၃ မြဝတီသတင်းစာ

၂။ သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၃ ခုနှစ်)

၃။ ကြေးမုံသတင်းစာ (၂၅-၃-၂၀၂၂/၁၀-၁၀-၂၀၂၃)


**မန္တလာကိုကိုဝင်း**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ် ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



လပွတ္တာ နိုဝင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ် ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ငါးမုတ် ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးမုတ် ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာ ငါးမုတ် ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးမုတ်တွေကို စနစ်တကျ သန့်စင်ပြီး ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့ပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ် ကောင်းမွန်လာတာပဲ ဖြစ်ပါတယ်။ လပွတ္တာမြို့နယ်က ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ ရောင်းချနေပါတယ် " ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်များ အပါအဝင် ဒေသထွက် ရေထွက်ကုန်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ရန်ကုန်ဈေးကွက်မှ အခြားဒေသများသို့ ပြန်လည်တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ လက်ရှိတွင် ငါးမုတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်ထံမှ သိရသည်။

ကျော်ကျော်လင်း

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၃၁၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

တမူး နိုဝင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၃၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၁၈၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၁၈၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၁၂၀၀၊ တမူးမြို့နယ်တွင် ဧက ၉၅၀၊ ခါမ်းပါတ်မြို့နယ်တွင် ဧက ၁၀၀၀ စုစုပေါင်း ဧက ၃၁၅၀ ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၁၈၉ ဧက၊ တမူးမြို့နယ်တွင် ဧက ၁၅၀၀၊ ခါမ်းပါတ်မြို့နယ်တွင် ဧက ၁၅၀၀ စုစုပေါင်း ၄၁၈၉ ဧက ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် နော်ဖားတိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဘားအံ နိုဝင်ဘာ ၆

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နော်ဖားတိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နော်ဖားတိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၁၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

ကိုသက်

# စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

စေတုတ္တရာ နိုဝင်ဘာ ၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်စေတုတ္တရာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တယ်ဇားကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေများဖြင့် ကျေးရွာရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ တယ်ဇားကျေးရွာ၌ စင်မြင့်ရေစင် တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရေစက်ရုံခြံစည်းရိုးကာရံခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာရေရရှိရေး လုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း၊ တစ်နာရီ ဂါလန် ၂၀၀ ခန့် ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း၊ အရှည် ၉၈ ပေ၊ အမြင့် ခြောက်ပေရှိ ရေစက်ရုံခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၂ ဒသမ ၂ သန်း၊ စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၄ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် တယ်ဇားကျေးရွာရှိ အိမ်ခြေ ၂၁၃ အိမ်မှ လူဦးရေ ၈၂၃ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာ ရရှိပြီဖြစ်ကြောင်း သိရသည်။

ကိုညို

# ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဘုတ်ပြင်း နိုဝင်ဘာ ၆


တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် အေးချမ်းမြိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် တာဝန်ရှိသူများက အေးချမ်းမြိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်ထံမှ သိရသည်။

အိပိုးပိုး

# ထီထိုးပြီးလျှင် ထီလက်မှတ်ကို လုံခြုံစွာသိမ်းဆည်းကြပါ




အောင်ဘာလေသိန်းထီဆုအတွက် ငွေထုတ်ခွင့်ရရေး ဖြစ်ပွားပေါ်ပေါက်ခဲ့သော အမှုတစ်ခုရှိခဲ့ဖူးသည်။ ဖြစ်ခေါင့်ဖြစ်ခဲဖြစ်သည်။ တိုင်းတရားရုံး၊ ဗဟိုတရားရုံးအဆင့်များကို ကျော်ဖြတ်ပြီးနောက် တရားရုံးချုပ် တရားသူကြီးကိုးဦး ရုံးထိုင်ပြီးနောက် စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော စာဒကအမှုတစ်ခုသည် ပြည်သူများအတွက် ဥပဒေဗဟုသုတ ရရှိစေနိုင်ပါသဖြင့် ရည်ညွှန်းကိုးကား ရေးသားတင်ပြပါဦးမည်။

ဒေါ်မြမြက ၁၆၂ ကြိမ်မြောက် အောင်ဘာလေသိန်းဆုထီလက်မှတ် ဂ/၅၉၃၈၁၅ ကို ရွှေတိဂုံဘုရားအနောက်မုခ်ရှိ ရွှေတိုင်ကြက္ကဋ္ဌာဘယထီဆိုင်မှ ဝယ်ယူခဲ့ကြောင်း၊ အတိတ်မှာ “စိမ်းမြမြစိမ်း”ဟူ၍ဖြစ်ကြောင်း၊ ထီစတင်ဖွင့်လှစ်သည့် ၁၉၇၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ထီဆိုင်ပိုင်ရှင် ဦးမောင်မောင်သန်းနှင့် ဒေါ်သန်းညွန့်တို့သည် မိမိထံလာရောက်၍ မိမိဝယ်ယူထားသော ထီလက်မှတ်မှာ ကျပ်နှစ်သောင်းဆုပေါက်သည်ဟုပြောကြောင်း၊ ထီလက်မှတ်ကို ဖခင်ဖြစ်သူက သိမ်းဆည်းထားရာမှ ထီဆုငွေထုတ်ရန် ရက်တွင်ရှာဖွေရာ ပျောက်ဆုံးနေကြောင်းဆိုသည်။

အောင်ဘာလေသိန်းဆုဌာနခွဲနှင့် မြေနီကုန်းပြည်သူ့ရဲစခန်းများသို့ အသီးသီးတိုင်ကြားခဲ့ပြီး အောင်ဘာလေသိန်းဆုဌာနခွဲသို့ ထီပေါက်သောလက်မှတ်၏ဆုငွေကို ထုတ်ယူခွင့်ပြုရန် အသနားခံစာတင်သွင်းခဲ့သည်။ မိမိတောင်းဆိုချက်ကို မလိုက်လျောနိုင်ကြောင်း ပြန်ကြားခဲ့သည်။ ထို့ကြောင့် မိမိသည် အောင်ဘာလေသိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူးထံ တရားမကျင့်ထုံး ဥပဒေပုဒ်မ-၈၀ အရ အကြောင်းကြားစာပေးပို့၍ ဆုငွေကိုတောင်းခံခဲ့သော်လည်း ဆုငွေထုတ်ပေးခြင်း မရှိကြောင်း၊ အဆိုပါထီလက်မှတ်နှင့် ဆုငွေကျပ်နှစ်သောင်းတို့ကို မိမိပိုင်ဆိုင်ရယူခွင့်ရှိကြောင်း မြွက်ဟကြေညာပေးပါရန်နှင့် အဆိုပါဆုငွေကို လက်ရောက်ပေးစေလိုကြောင်း ရန်ကုန်တိုင်းတရားရုံး၌ တရားစွဲဆိုခဲ့သည်။ အနိုင်ဒီကရီရရှိခဲ့သည်။

အောင်ဘာလေသိန်းဆုဌာနခွဲ အုပ်ချုပ်ရေးမှူးက တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ဗဟိုတရားရုံး တရားမ ပထမအယူခံမှုအမှတ်-၈/၇၇ တွင် အယူခံဝင်ရာ မအောင်မြင်ပါ။ ဗဟိုတရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အရေးကြီးသည့် ဥပဒေပြဿနာပေါ်ပေါက်စေသည်ဟုဆိုကာ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ-၁၈(ခ)နှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေပုဒ်မ-၇(စ) အရ စာဒကမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

**တရားရုံးချုပ်စုံညီခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဤစာဒကမှုတွင် စာဒကတရားလို ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့မှ တင်ပြရာတွင် ထီလက်မှတ်ကျောဘက်၌ ရေးသားဖော်ပြထားသော စည်းကမ်းချက်များတွင် ဆုရသောလက်မှတ်တင်ပြသူကိုသာလျှင် ဆုငွေရထိုက်သည်ဟု အစိုးရက အသိအမှတ်ပြုမည်ဟူ၍လည်းကောင်း၊ ဆုရသောလက်မှတ်တင်ပြခြင်းမပြုနိုင်ပါက အစိုးရသည်ဆုငွေထုတ်ပေးမည်မဟုတ်ကြောင်း ဟူ၍လည်းကောင်း ဖော်ပြထားပြီး အကြောင်းတစ်စုံတစ်ရာကြောင့် ဆုရသောလက်မှတ် တင်ပြနိုင်ခြင်းမရှိလျှင် မည်သို့မည်ပုံဆောင်ရွက်ပါက ဆုငွေရနိုင်ကြောင်း ဖော်ပြထားခြင်းမရှိပါဘဲလျက် ဗဟိုတရားစီရင်ရေးအဖွဲ့က စည်းကမ်းချက်အမှတ်(၁)တွင် ထီလက်မှတ်ရှိလျက်နှင့် ထိုထီလက်မှတ်ကို သူပိုင်သည် ငါပိုင်သည် အငြင်းပွားမှုဖြစ်နေလျှင် ထီလက်မှတ်ရှိနေသူက တင်ပြလျှင် ထိုသူအား ဆုငွေထုတ်ပေးရမည်ဟူသော ပြဋ္ဌာန်းချက်ကို ကောက်ယူရမည်။

စည်းကမ်းချက်အမှတ်(၂)တွင် ထီလက်မှတ်ရှိလျက်နှင့် အကြောင်းကြောင်းကြောင့် ထိုထီလက်မှတ်ကို မတင်ပြလျှင် ဆုငွေကိုထုတ်ပေးမည်မဟုတ်ကြောင်း စည်းကမ်းချက်များပါရှိသည်ဖြစ်ရာ ယခုတိုင်းတရားရုံး၏ ဆုံးဖြတ်ချက်မှာ သက်သေခံဥပဒေပုဒ်မ-၉၄ နှင့် ဆန့်ကျင်ကွဲလွဲနေသည်ဟုဆိုကာ အဆုံးအဖြတ်ပေးရန် တင်ပြလာသည်။

ဒေါ်မြမြသည် အချင်းဖြစ် ထီလက်မှတ်၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီကို ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က ဤစာဒကအမှုတွင် အငြင်းပွားခြင်းမရှိပေ။ သို့သော် အောင်ဘာလေသိန်းဆုဌာနခွဲ အုပ်ချုပ်ရေးမှူးက ဒေါ်မြမြအား ဆုငွေကျပ်နှစ်သောင်းကို လက်ရောက်ပေးအပ်ရန် အဆိုပါ မြွက်ဟကြေညာသည့် ဒီကရီ၏အကျိုးဆက်သက်သာခွင့်အနေဖြင့် ခွင့်ပြုနိုင်၊ ခွင့်မပြုနိုင်ဆိုသည့် ပြဿနာပေါ်ပေါက်လျက်ရှိကြောင်း စာဒကခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

ထီလက်မှတ်ကျောဘက်တွင် အောက်ဖော်ပြပါ စည်းကမ်းချက်များကို သတ်မှတ်ထားသည်။

(၁) ဆုရသောလက်မှတ်တင်ပြသူကိုသာလျှင် ဆုငွေရထိုက်သည်ဟု အစိုးရအသိအမှတ်ပြုလိမ့်မည်။ ၎င်းလက်မှတ်ပိုင်ဆိုင်သူသို့တည်းမဟုတ် လွှဲအပ်ခြင်းခံရသူဖြစ်ကြောင်းကို အထောက်အထားပြနိုင်ရမည်။ ဆုရသောလက်မှတ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ သံသယဖြစ်ခဲ့သော် အောင်ဘာလေသိန်းဆုဌာနခွဲ အုပ်ချုပ်ရေးမှူးသည် ဆုငွေထုတ်ပေးခြင်းကို ရပ်ဆိုင်းထားပိုင်ခွင့်ရှိရမည်။

(၂) ပြန်လည်ရောက်ရှိသည့် လက်ခံဖြတ်ပိုင်းတွင် အမည်၊ နေရပ်ပါရှိ၍ အောင်ဘာလေသိန်းဆုဌာနခွဲမှ ဆုရကြောင်း အကြောင်းကြားထားစေကာမူ ဆုရသောလက်မှတ်တင်ပြခြင်းမပြုနိုင်ပါက အစိုးရသည် ဆုငွေပြန်ထုတ်ပေးမည်မဟုတ်။

စာဒကတရားလိုဘက်မှတင်ပြရာတွင် ထီထိုးသူတိုင်းသည် ဤစည်းကမ်းချက်များကို သိရှိနားလည် သဘောတူလက်ခံ၍ ထီလက်မှတ်ကို ဝယ်ယူသည်ဟုဆိုရမည်ဖြစ်ကြောင်း၊ ဤစည်းကမ်းချက်များက ထီလက်မှတ်ဝယ်ယူသူအား နှောင်ဖွဲ့ထားသဖြင့် ဆုပေါက်သောလက်မှတ်ကို တင်ပြနိုင်ခြင်းမရှိလျှင် အောင်ဘာလေသိန်းဆုဌာနခွဲက ဆုငွေကိုထုတ်ပေးနိုင်မည်မဟုတ်ရာ တရားရုံးအနေဖြင့်လည်း ထိုဆုငွေကို ဆုရသောလက်မှတ် တင်ပြခြင်းမပြုနိုင်သူအား ထုတ်ပေးရန် ဒီကရီချမှတ်ခွင့်မရှိကြောင်း လျှောက်ထားချက်ကို စာဒကခုံရုံးက စိစစ်ခဲ့သည်။

စာဒကတရားပြိုင်ဘက်မှမူ ထီလက်မှတ်၏ ကျောဘက်ရှိ စည်းကမ်းချက်များကို ကောက်နုတ်ဖော်ပြထားခြင်းသာဖြစ်ကြောင်း၊ စည်းကမ်းချက်အားလုံးကို ထီလက်မှတ်ဝယ်ယူသူက သိရှိခွင့်မရသောကြောင့် ကောက်နုတ်စည်းကမ်းများအပါအဝင် စည်းကမ်းချက်များကို ထီလက်မှတ်ဝယ်ယူသူက တရားဝင်လက်ခံရာမရောက်သဖြင့် ပဋိညာဉ်ဥပဒေအရ ထီလက်မှတ်ဝယ်ယူသူအပေါ် ထီလက်မှတ်၏ ကျောဘက်ရှိ စည်းကမ်းချက်များအတိုင်း အတည်ပြုဆောင်ရွက်ခြင်းမပြုနိုင်ကြောင်း တင်ပြလျှောက်ထားချက်ကိုလည်း စာဒကခုံရုံးက စိစစ်ဝေဖန်ခဲ့သည်။

ပြန်လှန်စစ်မေးချက်တွင် ဒေါ်မြမြက **"ကျွန်မ ၁၆၂ ကြိမ်မြောက် အောင်ဘာလေသိန်းဆုလက်မှတ်ကို ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းထီလက်မှတ်၏ နောက်ကျောဘက်တွင် စည်းကမ်းချက်များပါရှိသည်ကို တွေ့ရှိရသည်။ ဆုရသောလက်မှတ်တင်ပြသူကိုသာလျှင် ဆုငွေရထိုက်သည်ဟု အစိုးရက အသိအမှတ်ပြုကြောင်း စည်းကမ်းချက်ကို တွေ့ရှိခဲ့ပါသည်"**ဟု ထွက်ဆိုထားသည်ကို ထောက်ရှု၍ ဒေါ်မြမြသည် အထက်ဖော်ပြပါ စည်းကမ်းချက်နှစ်ရပ်အပါအဝင် ထီလက်မှတ်၏ ကျောဘက်ရှိ စည်းကမ်းချက်များကို သိရှိနားလည်လက်ခံကာ အချင်းဖြစ်ထီလက်မှတ်ကို ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု ကောက်ယူရန်အကြောင်း ပေါ်ပေါက်နေပေသည်ဟု စာဒကခုံရုံးတော်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

ဤစည်းကမ်းချက်များသည် အောင်ဘာလေသိန်းဆုဌာနခွဲနှင့် ထီလက်မှတ်ဝယ်ယူသူ ဒေါ်မြမြတို့ကြား အတည်ဖြစ်လျက်ရှိသော စည်းကမ်းချက်များဖြစ်သည့်အလျောက် ဒေါ်မြမြသည် ဆုငွေနှစ်သောင်းကျပ်ပေါက်သည်ဆိုသော အချင်းဖြစ်ထီလက်မှတ်ကို တင်ပြနိုင်ခြင်းမရှိဘဲလျက် ပြဋ္ဌာန်းထားသည့် အထက်ဖော်ပြပါ စည်းကမ်းချက်နှစ်ရပ်နှင့် ဆန့်ကျင်၍ အချင်းဖြစ်ဆုငွေကို သူ့အားထုတ်ပေးရန် တရားစွဲဆိုခွင့်မရှိကြောင်း၊ ထို့ကြောင့် တိုင်းတရားရုံးနှင့် ဗဟိုတရားစီရင်ရေးအဖွဲ့တို့သည် ၎င်းစည်းကမ်းချက်များကိုကျော်လွန်၍ အဆိုပါဆုငွေကို ဒေါ်မြမြအား လက်ရောက်ပေးအပ်စေရန် အမိန့်ချမှတ်ခြင်းမပြုနိုင်ကြောင်း တိတိကျကျ ခိုင်ခိုင်မာမာ သုံးသပ်ဆုံးဖြတ်ခဲ့သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တင်ပြသကဲ့သို့ ဥပဒေပြဿနာများ ပေါ်ပေါက်ခြင်းမရှိကြောင်း ဆုံးဖြတ်သည်။ သို့သော် **"အချင်းဖြစ် ထီလက်မှတ်ကို ဒေါ်မြမြ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် ဗဟိုတရားစီရင်ရေးအဖွဲ့၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြု၍ အကျိုးဆက်သက်သာခွင့်ဖြစ်သော ဆုငွေကျပ်နှစ်သောင်းကို ဒေါ်မြမြအား လက်ရောက်ပေးအပ်စေရန်ချမှတ်သည့် တိုင်းတရားရုံးနှင့် ဗဟိုတရားစီရင်ရေးအဖွဲ့တို့၏ စီရင်ချက်နှင့် ဒီကရီတို့ကိုမူ ပယ်ဖျက်ကြောင်း"** စာဒက စုံညီခုံရုံးက အမိန့်ချမှတ်လိုက်သည်။

**❖ဒေါ်မြမြသည် ဆုငွေနှစ်သောင်းကျပ်ပေါက်သည်ဆိုသော အချင်းဖြစ်ထီလက်မှတ်ကို တင်ပြနိုင်ခြင်းမရှိဘဲလျက် ပြဋ္ဌာန်းထားသည့် အထက်ဖော်ပြပါ စည်းကမ်းချက်နှစ်ရပ်နှင့်ဆန့်ကျင်၍ အချင်းဖြစ်ဆုငွေကို သူ့အားထုတ်ပေးရန် တရားစွဲဆိုခွင့်မရှိကြောင်း၊ ထို့ကြောင့် တိုင်းတရားရုံးနှင့် ဗဟိုတရားစီရင်ရေးအဖွဲ့တို့သည် ၎င်းစည်းကမ်းချက်များကိုကျော်လွန်၍ အဆိုပါဆုငွေကို ဒေါ်မြမြအား လက်ရောက်ပေးအပ်စေရန် အမိန့်ချမှတ်ခြင်းမပြုနိုင်ကြောင်း တိတိကျကျ ခိုင်ခိုင်မာမာ သုံးသပ်ဆုံးဖြတ်ခဲ့သည်။❖**

စီရင်ထုံးပါ စာသားများသည် ဥပဒေအချက်အလက်များဖြစ်သည့်အလျောက် ပြည်သူများအတွက် နားလည်ရန်ခက်သည်များ ရှိနိုင်သည်။ သို့ရာတွင် ဆိုလိုရင်းအချက်မှာ ဆုရသောလက်မှတ်တင်ပြခြင်းမပြုနိုင်ပါက အစိုးရသည် ဆုငွေထုတ်ပေးမည်မဟုတ်ရာ အောင်ဘာလေသိန်းထီကံစမ်းသော ပြည်သူများအနေဖြင့် မိမိထိုးထားသော ထီလက်မှတ်ကို လုံခြုံသေချာစွာသိမ်းဆည်းထားရန် သာဖြစ်သည်။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့)နှင့် **ဒေါ်မြမြ ၁၉၈၁ ခုနှစ်၊ စာဒကမှုအမှတ်-၁** ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

**စိန်လှိုင်ဗိုလ်**

# စပိန်နိုင်ငံ အရှေ့ပိုင်းတွင် ရေကြီးမှုကြောင့် ပျောက်ဆုံးနေသူ ၈၉ ဦးရှိသဖြင့် သေဆုံးသူဦးရေတိုးလာနိုင်



မက်ဒရစ် နိုဝင်ဘာ ၆

စပိန်နိုင်ငံ အရှေ့ပိုင်းတွင် ရေကြီးမှုကြောင့် သေဆုံးသူ ၂၁၇ ဦးရှိလာပြီး ပျောက်ဆုံးနေသူ ၈၉ ဦးရှိသဖြင့် သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက နိုဝင်ဘာ ၅ ရက်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ပျောက်ဆုံးနေသူများကိုရှာဖွေနေပြီး နောက်ထပ်ပျောက်ဆုံးနေသူများနှင့်ပတ်သက်ပြီး အစီရင်ခံခြင်းမရှိသေးကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗလင်စီယာမြို့ တောင်ဘက်ပိုင်း ရေလျှံကာ ကားများစွာနစ်မြုပ်ခဲ့ကြောင်း၊ နေအိမ်များ၊ လမ်းနှင့်တံတားများ ပြိုကျပျက်စီးကာ လူ ၂၁၇ ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက အတည်ပြုခဲ့သည်။

ကယ်ဆယ်ရေးနှင့် ရှာဖွေရေးတွင် လုပ်ငန်းစဉ်များဆောင်ရွက်နေမှုကို ကူညီဆောင်ရွက်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ် တစ်စီးသည် နိုဝင်ဘာ ၉ ရက်တွင် ဗလန်စီယာမြို့သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သိပ္ပံဝန်ကြီးဌာနက နိုဝင်ဘာ ၅ ရက်က ကြေညာခဲ့ပြီး စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်ချက်ဇ်က ရေဘေးသင့်ပြည်သူများကို ပံ့ပိုးကူညီရန် ယူရို ၁၀ ဒသမ ၆ ဘီလီယံလျာထားပြီး ရေကြီးမှုကြောင့် ကားအစီးရေ တစ်သိန်းကျော်ပျက်စီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ယူရို ၁၀ ဘီလီယံကျော်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# နယူးဒေလီမြို့ လေထုညစ်ညမ်းမှုပြဿနာကို AI မိုးရွာချစေခြင်းဖြင့် ဖြေရှင်းရန် အာဏာပိုင်အဖွဲ့အစည်းက ဆန္ဒရှိနေ

နယူးဒေလီ နိုဝင်ဘာ ၆

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဒီပါဝလီပွဲတော်ကာလအတွင်း လေထုညစ်ညမ်းမှုမှာ ကြက်သွေးရောင်အဆင့်ထိ မြင့်တက်ခဲ့ပြီး လေထုညစ်ညမ်းမှု ပြဿနာကို ဉာဏ်ရည်တုဖြင့်ဖန်တီးထားသော မိုးအတု(AI)မိုး ရွာချခြင်းဖြင့် ဖြေရှင်းနိုင်ရန် နယူးဒေလီအာဏာပိုင်အဖွဲ့အစည်းက ဆန္ဒရှိကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နယူးဒေလီမြို့သည် ဒီပါဝလီပွဲတော်မတိုင်မီကတည်းက လေထုညစ်ညမ်းမှုမြင့်မားသော ကမ္ဘာ့နိုင်ငံများစာရင်းတွင် ပါဝင်နေပြီး မော်တော်ကားများမှ ထုတ်လွှတ်သည့် ကာဗွန်များ၊ စိုက်ပျိုးမြေများအားမီးရှို့ရှင်းလင်းမှုများမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ဖက်ဒရယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို နယူးဒေလီမြို့ရဲ့ လေထုညစ်ညမ်းမှုပြဿနာ အမြန်ဆုံးဖြေရှင်းပေးနိုင်ဖို့အတွက် တောင်းဆိုထားပါတယ်။ လောလောဆယ်မှာ အမြန်ဆုံးဖြေရှင်းနိုင်ဖို့ နည်းလမ်းကတော့ AI မိုးရွာချဖို့ကအကောင်းဆုံးနဲ့ အမြန်ဆုံးနည်းလမ်းပါပဲ။ လေထုညစ်ညမ်းမှုပမာဏ ညွှန်းကိန်း ၄၀၀ ကျော်ထိမြင့်တက်သွားတာ တော်တော်လေးကိုစိုးရိမ်စရာပါ။ နယူးဒေလီရဲ့ လေထုညစ်ညမ်းမှုပြဿနာကို အမြန်ဆုံးဖြေရှင်းနိုင်ဖို့အတွက် မိုးရွာသွန်းဖို့လိုတယ်။ မိုးမရွာတဲ့ရာသီဖြစ်တဲ့အတွက် မိုးအတုတွေဖန်တီးရွာချနိုင်ဖို့လိုအပ်တယ်။ ဒါကြောင့် AI မိုးရွာသွန်းနိုင်ဖို့ လိုအပ်နေပါတယ်" ဟု နယူးဒေလီသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂိုပယ်လ်ရိုင်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# လာကီ-လာကီမီးတောင်ပေါက်ကွဲမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၆၀၀၀ ကျော်ထိရှိလာခဲ့

ဂျကာတာ နိုဝင်ဘာ ၆

အင်ဒိုနီးရှားနိုင်ငံ ဖလော်ရက်စ်ကျွန်းတွင် နိုဝင်ဘာ ၃ ရက်က လာကီ-လာကီ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်ပေါက်ကွဲမှုကြောင့် နိုဝင်ဘာ ၃ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၆၀၀၀ ကျော်ထိ ရှိလာခဲ့ပြီဖြစ်ကြောင်း Center of Volcanol-ogy and Geological Hazard Mitigation (PVMBG) စင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံများမှာ လာကီ-လာကီ မီးတောင်အနီးပတ်ဝန်းကျင်မှ ကျေးလက်ဒေသပေါင်း ရှစ်ခုတွင် နေထိုင်သောဒေသခံများဖြစ်ကြပြီး လူနေအိမ်အမြောက်အမြား ပျက်စီးခဲ့ရကြောင်း၊ မီးတောင် စတင်ပေါက်ကွဲခဲ့သည့်နေ့တွင် သေဆုံးသူ ကိုးဦးသာရှိခဲ့သော်လည်း မီးတောင်ပေါက်ကွဲခဲ့သည့်နေ့ နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အတွင်း သေဆုံးသူ ၁၀ ဦးထိ မြင့်တက်လာခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၆၃ ဦးရှိကြောင်း၊ လူနေအိမ် ၂၃၈၄ လုံး၊ စာသင်ကျောင်း ၂၅ ကျောင်းထိ ပျက်စီးခဲ့ကြောင်း သိရသည်။



ဖလော်ရက်စ်ကျွန်းကိုမီးတောင်အန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း ဖလော်ရက်စ်ကျွန်း အာဏာပိုင်အဖွဲ့အစည်းက နိုဝင်ဘာ ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး အရေးပေါ်အခြေအနေကို နိုဝင်ဘာ ၅ ရက်မှ လာမည့် ၅၈ ရက်ထိ သတ်မှတ်ကြောင်း ဖလော်ရက်စ်ကျွန်း အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# အမေရိကန်နိုင်ငံရှိ ပြည်နယ်အားလုံးနီးပါး မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရ

ဝါရှင်တန် နိုဝင်ဘာ ၆

အမေရိကန်နိုင်ငံရှိ ပြည်နယ်အားလုံးနီးပါးသည် မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

အလက်စကာနှင့် ကန်တက်ကီပြည်နယ်မှလွဲ၍ ကျန်ပြည်နယ်တိုင်းသည် မိုးခေါင်ရေရှားမှု ကြုံတွေ့နေရကြောင်း အမေရိကန် Drought Monitor ၏အစီရင်ခံစာအရ သိရသည်။

အမေရိကန်နိုင်ငံသည် ယခုနှစ်အတွင်း အပူချိန်မြင့်တက်မှုအပြင် မိုးခေါင်ရေရှားမှုများနှင့် ရင်ဆိုင်နေရကြောင်း၊ နိုင်ငံအတွင်း ပြည်နယ် ၄၈ ခုမှ လူဦးရေ သန်း ၁၅၀ ကျော်အနက် ၁၄၉ ဒသမ ၈ သန်းသည် ယခုသီတင်းပတ်အတွင်း မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ထိုသို့ဖြစ်ရခြင်းမှာ ရုပ်ကြွင်းလောင်စာများကို အလွန်အကျွံအသုံးပြုမှုကြောင့် ဖြစ်ကာ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုအကျပ်အတည်းက မိုးခေါင်မှုကို ပိုမိုဆိုးရွားစေကြောင်း၊ မိုးခေါင်မှုသည် ရေအရင်းအမြစ်၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးကိုထိခိုက်စေပြီး စီးပွားရေးကို အလုံးစုံထိခိုက်နိုင်ကြောင်း အမေရိကန် Drought Monitor ၏အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# ဖိလစ်ပိုင်နိုင်ငံတွင် Yinxing တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေသဖြင့် ဒေသခံတချို့ကိုဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်ထုတ်ပြန်

မနီလာ နိုဝင်ဘာ ၆

ဖိလစ်ပိုင်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းတွင် Yinxing ဟုအမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်း ဝင်ရောက် တိုက်ခတ်ဖွယ်ရှိနေသည့်အတွက် ဒေသခံတချို့ကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ ၁ နာရီ ၇၅ မိုင်နှုန်းထိ မြင့်တက်နေပြီး မုန်တိုင်းကြောင့် အူရိုရာစီရင်စုမှ ဒေသခံတချို့ကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ မုန်တိုင်းဖြတ်သန်းဝင်ရောက်လာနိုင်သော ဒေသများတစ်လျှောက် ဖိလစ်ပိုင်အစိုးရအဖွဲ့က တပ်မတော်သားများကို စေလွှတ်ပေးထားပြီး လိုအပ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန်အတွက် စေလွှတ်ပေးထားခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ အတွင်းရေးမှူးဖြစ်သူ ဂီဘာတိုက ပြောကြားခဲ့သည်။

"မိုးလေဝသညွှန်ကြားရေးဦးစီးဌာနနဲ့ မိုးလေဝသခန့်မှန်းတိုင်းတာရေး အေဂျင်စီတွေအနေနဲ့ မုန်တိုင်းဝင်ရောက်မဲ့ သတင်းကို အသီးသီးထုတ်ပြန်ကြေညာထားပြီးဖြစ်ပါတယ်။ ပြည်သူတွေ အန္တရာယ်ကင်းဖို့အတွက် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်သွားဖို့လဲ သတိပေးချက်တွေထုတ်ပြန်ထားပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ တပ်မတော်သားတွေကို လိုအပ်တဲ့ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့ မုန်တိုင်းဝင်ရောက်မဲ့ဒေသတွေဆီကို စေလွှတ်ပေးထားပါတယ်"ဟု ဂီဘာတိုက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သီသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သီသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ



မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!



နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

We Protect The Family


## ဝန်ထမ်းအမြန်အလိုရှိသည်

- ကားပါကင် အမျိုးသား (၂)ဦး
  အချိန် နံနက် ၁၁ နာရီမှ ည ၈ နာရီထိ
  လစာ (၂၅၀၀၀၀)
- ပန်းကန်ဆေး အမျိုးသမီး (၃)ဦး
  ဆိုင်နေ၊ ဆိုင်စား
  လစာ (၁၆၀၀၀၀)

09-403715646

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဌ-၁၁၊ (ဃ)ရပ်ကွက်နေ ဦးကျော်ထွန်း+ဒေါ်တင်မြနွယ်တို့၏သား **မောင်မြတ်သောမောင် (၉/ပကခ(နိုင်)၀၇၂၀၀၃)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကျော်ထွန်း (၉/မနတ(နိုင်)၀၂၇၄၆၀)**
**ဒေါ်တင်မြနွယ်(၉/မနတ(နိုင်)၀၉၇၆၄၇)**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အိုးအိမ်ရတနာအိမ်ရာ(၉)နေ ပြည်သာအောင်(ဘ)ဦးဖိုးဆယ် (၉/မခန(နိုင်)၂၂၅၀၃၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-063112) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၅၂၈၆၀၀

## အဖိုးတန်ရေချိုကို ချွေတာပါ

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အထက-ရွှေတုတ်ကုန်း၊ Grade-10 တွင် ပညာသင်ကြားနေသော မယုနန္ဒာအောင် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးသိုက်စိုးဦး ဖြစ်ပါကြောင်း။

**ဦးသိုက်စိုးဦး (၉/သစန(နိုင်)၁၂၆၆၈၈)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ မြတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မမြသင်းချယ်နှင့် Grade-10 တွင် ပညာသင်ကြားနေသော မောင်ရဲလင်းအောင်တို့၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော် ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်(၉/မလန(နိုင်)၁၀၂၈၆၆)**

## ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်နေ ဥမ္မာဆန်း (ဘ) ဦးအောင်ဆန်း (၉/ပဘန(နိုင်)၂၁၁၈၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-391097) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၈၈၂၄၈၆၂၂

## ပျောက်ဆုံးကြောင်း

ဟသ်ာတမြို့နယ်နေ ဝေလင်းဖြိုး (ဘ) ဦးဝင်းညွန့် (၁၄/ဟသတ(နိုင်)၃၄၂၄၆၈) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-324084)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၁၂၁၆၂၄၂

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဌ-၁၁/၄၄ (ဃ) ရပ်ကွက်နေ ဒေါ်ခင်စောမူ ၏သား **မောင်ရန်နိုင်ထွန်း** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ခင်စောမူ (၉/ပကခ(နိုင်)၀၁၅၈၄၀)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်သပြေရပ်ကွက်၊ ၄၁၅ $N_2$ နေ ဦးဝင်းညွန့်+ဒေါ်ကျင်လှိုင် (ခ) ဒေါ်မဲတူ တို့၏သမီး **မပပဇင် (၉/အမဇ(နိုင်)၀၇၉၃၈၆)** သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးဝင်းညွန့်(၅/ငဇန(နိုင်)၀၆၄၅၉၂)**
**ဒေါ်ကျင်လှိုင်(ခ)ဒေါ်မဲတူ (၅/ငဇန(နိုင်)၀၁၇၉၆၁)**

## ပျောက်ဆုံးကြောင်း

ဟိုင်းကြီးကျွန်းမြို့နယ်နေ မနှင်းပွင့်အေး (ဘ) ဦးမြင့်ကြည်(၁၄/ဟကက(နိုင်)၀၄၃၉၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-009406)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၈၃၉၂၉၉၀

## သင့်သွေးဖြင့် အသက်ကယ်ပါ

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်နေ ဦးကျော်သိန်း+ဒေါ်ကြည်စိန် တို့၏ သား **မောင်ဟိန်းမြတ်သူ (ခ)ဘာဘူ (၉/အမရ(နိုင်)၁၂၀၇၄၁)** သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကျော်သိန်း(၉/အမရ(နိုင်)၀၀၈၆၁၈)**
**ဒေါ်ကြည်စိန် (၉/အမရ(နိုင်)၀၀၈၆၁၉)**

## သစ်တော နှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက် ကိုစိုး။

❖ **အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ်...**

❖ **မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်မည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ကျင်းပပြုလုပ်မည့် အင်္ဂမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးအပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar